ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့ (11-3-2014) (၇၇၈၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၄ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ဒါလီယာ ဂရီဗိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်တွင်ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အယ်ဂီဒါ့စ် ဘော့ဂ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကော့သောင်းနှင့်မြိတ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ကော့သောင်း မတ် ၁၀

ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး ဆုတောင်းပြည့်ဝိဇ္ဇာညီနောင်ဘုရားနှင့် ကျိုက်သလ္လံဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်သည်။

ထို့နောက် စေတီတော်အရှေ့မုခ်ဓာတ်လှေကားနှင့် ရှုမျှော်စင်တည်ဆောက်နေမှုများအားကြည့်ရှုစစ်ဆေးကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကော့သောင်းမြို့ ဘုရင့်နောင်တောင်ကုန်းရှုရပ်မှ ပတ်ဝန်းကျင်ရှုခင်းများအား ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

လေးမျက်နှာကျေးရွာအား ဝင်ငွေတိုးစေသည့် မလေးလက်ခတ်သံ

ဝမ်းတွင်း မတ် ၁၀

ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာအုပ်စု လေးမျက်နှာကျေးရွာတွင် လွယ်အိတ်ရက်လုပ်ခြင်းလုပ်ငန်းကို အိမ်တွင်းလက်မှုလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာတွင် မိသားစုဝင်ငွေ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လွယ်အိတ်လုပ်ငန်းအနေနဲ့ ကုန်ကြမ်းဖြစ်တဲ့ ရိုးရိုးချည်မျှင်၊ သိုးမွေးချည်တွေကို မန္တလေးမြို့က ဝယ်ယူရတယ်။ ရွာမှာက ရက်ကန်းစင်ပေါင်း ၂၀၀၀ ကျော်နဲ့ ရက်လုပ်ကြပြီး ရက်ကန်းစင်များမှ ထွက်ရှိတဲ့အထည်တွေကို ကျေးရွာမှာပဲ အပ်ချုပ်စက်ပေါင်း ၃၅၀ နဲ့ လွယ်အိတ်တွေ ချုပ်ကြတယ်။ ရက်ကန်းလုပ်ငန်းနဲ့ အပ်ချုပ်လုပ်ငန်းကို အမျိုးသမီးငယ်လေးတွေက လုပ်ဆောင်ကြရာမှာ လက်ခမှာလွယ်အိတ်တစ်လုံး ငွေကျပ် ၁၀၀ မှ ၅၀၀ အထိရရှိပြီး ရက်ကန်းခတ်သူများ၏ တစ်နေ့ဝင်ငွေမှာ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် မတ် ၁၀

မတ် ၉ ရက် ည ၁၀ နာရီ ၃၂ မိနစ် ၅၄ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၁၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရေနီမြို့၏ အနောက်တောင်ဘက် ၂၇ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

CHINT
CHINT ELECTRIC
www.chint.net

ELECTRIC UNIVERSE CO.,LTD.
မှ
CHINT ELECTRIC Show Room ကို
အမှတ် (95/A) ဓမ္မဇေယျဗျာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသစ်ထပ်မံ
ဖွင့်လှစ်လိုက်ပါသည်။
ဆက်သွယ်ရန်ဖုန်း - 01- 577755, 569416

ကြေးမုံစာတည်းရှုထောင့် ၁၁-၃-၂၀၁၄၊ အင်္ဂါနေ့

မေတ္တာရှင်

မေတ္တာရှင်ဟူသည် တစ်ဖက်သားအပေါ် ငဲ့ညှာသနား၊ အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထား ကျင့်ကြံနေထိုင်တတ်ကြသူများ။ "လူလိုသိပါ။ ကိုယ်ချင်းစာ" ဟူ၍ ဆိုစကားရှိသည်။ လူသားပီသသူများ ကိုယ်ချင်းစာတရားထားကြသည်။ ဤသည်ပင် မေတ္တာရှင်ဟုဆိုလိုက်လျှင် မှားအံ့မထင်ပါ။

လယ်ယာလုပ်ငန်းခွင်မှ အိုမင်းမစွမ်းသော နွားများ၊ ကျန်းမာရေး ချို့တဲ့မသန်မစွမ်းသော နွားများနှင့် အများပြည်သူကလှူဒါန်းထားသော သက်ရှယ်စုံနွားထီး၊နွားမအကောင် ၁၀၀ ခန့် မွေးမြူစောင့်ရှောက်မှု ပေးထားသော မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် ရပ်ကွက်မှမေတ္တာရှင်များ၊ အစားအစာနှင့်ဆေးဝါးများလှူဒါန်းသည့် "သဒ္ဓါခိုင်မြဲ၊ နွားဘေးမဲ့အလှူပွဲ"ကို နှစ်စဉ်ကျင်းပဒါနပြုပေးနေကြသည်။

ကျွဲ၊နွားများသည် မိမိတို့၏ ထမင်းရှင်ဟုဆိုလျှင်လွန်အံ့မထင်ပါ။ ကျွဲ၊ နွားများနှင့်ဖက်ကာလုပ်ငန်းခွင်ဝင် ရုန်းကန်နေကြရသည့် တောင်သူ လယ်သမားများအသိဆုံးပင်။ မိမိတို့စားသုံးအသက်ဆက်နေကြရသည့် ဆန်စပါး၊ ကောက်ပဲသီးနှံများစိုက်ပျိုးရန် မြေကြီးကိုထွန်ယက်၊ ကျွဲ၊နွားတွေ၏အားကိုသုံးနေကြရဆဲ။ ရိတ်သိမ်းကောက်လှိုင်းမပါ။ သယ်ယူရာတွင်လည်း နွားတပ်လှည်းများကို သုံးနေရဆဲ။ ကောက်နှံမှ စပါးဖြစ်လာဖို့ နွားတွေနှင့် ဝိုင်းကြီးပတ်ပတ်လည်ကြရာတွင် သူတို့လုပ်ပေးထားသောစပါးနှံကို သူတို့ မစားရအောင် ပါးစပ်မှာပခြုပ်တပ်ဆင်ပေးထားခံရသေးသည်။ သူတို့အတွက် အစားအစာမှာ ကောက်ရိုးသာ။ သီးနှံအဆီအသားများသည် လူတို့အတွက်။ ဥတုရာသီ သုံးလီလုံးလုံးနားချိန်မရှိ။ စပါးသယ်ရ၊ ဆီလှည့်ရ၊ တလင်းနယ်ရ၊ လယ်ထွန်ရနှင့် မြက်၊ ကောက်ရိုးစားရင်း လူ့အလိုကျ သူတို့ဘဝကိုပေးဆပ်နေရသူများ။ နောက်ဆုံးအိုမင်းမစွမ်းတော့ပြီဆိုလျှင် သားသတ်ရုံသို့ အပို့ခံကြရပြီ။ သူတို့လုပ်ပေးသော ဆန်ထမင်းဖွေးဖွေးမှာ သူတို့အသားကိုမြုပ်နှံမြိန်ရေရှက်ရေ စားသုံးနေကြသော လူသားများကြားမှာ သူတို့ဘဝ အားကိုးရာမဲ့ ကယ်မယ့်သူနှင့်ဝေးနေကြရသည်။

သို့သော် အခြားတစ်ဖက်တွင် မေတ္တာရှင်များလည်း ရှိနေသေးကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်က မေတ္တာတံခွန်ထူပြလိုက်သည်။ ထိုနည်းတူ ပခုက္ကူမှ "မေတ္တာစိမ့်စမ်း" ဘေးမဲ့ဥယျာဉ်လေးသည်လည်း နွားများ အပါအဝင် တိရစ္ဆာန် ၁၃ မျိုးကို စောင့်ရှောက်ပေးနေကြောင်းသိရသည်။ ပခုက္ကူမှ ခုနစ်မိုင်အကွာ ပဒိုင်ခြုံရွာလေးတွင်တည်ရှိသည်။ ပခုက္ကူမြို့သား မေတ္တာရှင်ဇနီးမောင်နှံနှစ်ဦးက ကိုယ်ပိုင်အိမ်နှင့် ဝိုင်းကိုရောင်းကာ ရရှိငွေနှင့် ရွာတွင် မြေ ၁၃ ဧကဝယ် "မေတ္တာစိမ့်စမ်း" ဘေးမဲ့ဥယျာဉ်ကိုဖွင့်လှစ်ခဲ့ခြင်း။ ကျွေးမွေးစရိတ်၊ တစ်လသိန်း ၂၀ကုန်ကျနေကြောင်း သိရသည်။ မေတ္တာရှင်နှစ်ဦးကို ဝိုင်းဝန်းကူညီကြမည့် အလှူရှင်များ လိုအပ်နေပါလိမ့်မည်။

နောက်ထူးခြားသတင်းတစ်ပုဒ်မှာ လူပုဂ္ဂိုလ်များမဟုတ်ကြ။ ရဟန်းသံဃာတော်များကိုယ်တိုင် ဦးဆောင်ပြီး ဖျာပုံခရိုင်လုံးကျွတ် အမဲသတ်လိုင်စင်ကို နဝကမ္မအလှူငွေစုဆောင်းပြီး လိုင်စင်ဆွဲယူခဲ့ခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် ပံ့ပိုးပေးသွား၍ ကျွဲ၊နွားများ အသက်ချမ်းသာရာ ရသွားသည်။ ဖျာပုံခရိုင် မြတ်စေတနာ သံဃာအဖွဲ့၏ ကြိုးစားမှုရလဒ်ကောင်းတစ်ခု။တစ်နိုင်ငံလုံးအတွက် စံပြုလုပ်ဆောင်ချက်တစ်ရပ်။ နှစ်စဉ်အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းပေးနိုင်ကြပါစေ။

မိမိတို့နိုင်ငံတွင် စက်မှုလယ်ယာမလွှမ်းခြုံနိုင်သေးသမျှ လက်မှုလယ်ယာကဏ္ဍတွင် ကျွဲ၊ နွားများ၏လုပ်အားကို အားကိုးတကြီး လိုအပ်နေဦးမည်သာ။ ရှုံ့ညွှန်ထဲမှ လယ်ယာလုပ်ငန်းခွင်တွင် ထမ်းပိုးနှင့်ရုန်းနိုင်မည့် သတ္တဝါမှာ ကျွဲ၊ နွားများမှအပ မရှိနိုင်ပေ။ မြက်ခြောက်၊ ကောက်ရိုးစားရင်း လူသားတို့အရေးကို အကျိုးဆောင်ပေးနေကြသူများ။ သို့ဖြစ်ရာ ၎င်းတို့လုပ်အားပါဝင်သည့် ထမင်းကို စားသုံးနေရသူများအနေဖြင့် မေတ္တာရှင် စိတ်ဓာတ်မွေးမြူစေလိုပါကြောင်း။ ။

စဥ့်ကူးမြို့နယ် ကျည်ထောက်ပေါက်တိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်

နေပြည်တော် မတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မတ်၈ ရက် ညနေ၃ နာရီ တွင် ဆေးတက္ကသိုလ်(မန္တလေး) ဇီဝကစာသင်ဆောင်၌ မန္တလေးမြို့ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လိုအပ်ချက်၊ အားနည်းချက်များကို ဖြည့်ဆည်းပြုပြင်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့်ကျန်းမာရေးဝန်ထမ်းများ၏ ပြောဆိုဆက်ဆံရေးကို ပြည်သူလူထု ကျေနပ်လက်ခံလာသည်အထိ ကြိုးစားပြုပြင်ကြရန် လိုကြောင်း။

လက်တွေ့ကျပြီး ပြုပြင်၍ရသော အချက်များကို ဦးစားပေး၍ပြုပြင်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများ၏ခံစားချက်ကို ထည့်သွင်းစဉ်းစားကာ သူ့အမြင်၊ ကိုယ့်အမြင်အတတ်နိုင်ဆုံး တူညီအောင်ကြိုးစားစေလိုကြောင်း၊ ဆေးဝါးများအသုံးပြုရာတွင်လည်း စံကိုက်ကုထုံးများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန်နှင့် အရည်အသွေးပြည့်ဝသော ဆရာဝန်၊ ဆရာမ ကျွမ်းကျင်ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်သင်ကြား ပေးစေလိုကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၉ ရက် နံနက်၉ နာရီတွင် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော အဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ယင်းဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့လေးဦး၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး) ၅၀၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပုံမှန်) ၁၁၀ တို့အား ပါမောက္ခချုပ် ဒေါက်တာသန်းမောင်က ဘွဲ့များ အပ်နှင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဝန်ထမ်းအိမ်ရာ၊ ခွဲစိတ်ခန်း၊ တိုးချဲ့လူနာဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံညွှန်းနှင့်အညီ အလေအလွင့်မရှိ ဆောက်လုပ်ရေးအတွက် ကြပ်မတ်ရန်မှာကြားပြီး အနာကြီးရောဂါအထူးကုဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းနောက် စဥ့်ကူးမြို့နယ် ကျည်ထောက်ပေါက်ကျေးရွာ၌ (၁၆) ခုတင်ဆံ့ ကျည်ထောက်ပေါက် တိုက်နယ်ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်၊ စဥ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းတို့က တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်နယ်ဆရာဝန်၊ ကျန်းမာရေးကြီးကြပ်ကော်မတီဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ပြည်သူလူထုအခြေပြုလူနာတင်ယာဉ်စနစ် ထူထောင်ရာတွင် တာဝန်ထမ်းဆောင်မည့် ရပ်ရွာလူထုများအား အရေးပေါ်လူနာပြုစုနည်းသင်တန်းပေးနိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့ အပြန်အလှန်စောင့်ရှောက်ကြရန် ပြောကြားသည်။

တိုက်နယ်ဆေးရုံသစ်မှာ အလျား ၁၁၂ ပေ၊ အနံ ၉၆ ပေ၊ အမြင့် ၁၄ ပေရှိ RCတစ်ထပ်ဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၃၈၄၃ သိန်းအကုန်အကျခံ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၁၀

ရန်ကုန် ရွှေဈေး	၆၈၁၅၀၀	- ၆၈၂၅၀၀
မန္တလေး ရွှေဈေး	၆၈၁၄၀၀	- ၆၈၂၄၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၈. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၈. ၁
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၁. ၂၆
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၆၅
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၁၃
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၉၀
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၁၁
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၄၇. ၈၁
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၈၅၃
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၆. ၀၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

သန်းခေါင်စာရင်း ကွပ်ကဲရေးရုံးများဖွင့်လှစ်

ဗိုလ်တထောင် မတ် ၁၀

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် သန်းခေါင်စာရင်းကွပ်ကဲရေးရုံး ဆိုင်းဘုတ်တင်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင်မတ် ၁၀ရက်နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် NGO များတက်ရောက်ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ ခုတို့တွင်လည်း ရပ်ကွက်သန်းခေါင်စာရင်း ကွပ်ကဲရေးရုံးများကို ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

ပြည်တွင်းရေးရာ

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်ပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ဆိတ်ဖူးတောင်၊ ဘို့မအထက်၊ တောင်မြင့်ရွာမ၊ ကိုးတစ်ဖုန်းဆိုး၊ အောင်နန်းချို ကျေးရွာချင်းဆက်လမ်းနှင့် ဘို့မအထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းဖွင့်ပွဲတို့ကို ယနေ့နံနက်ပိုင်းက အဆိုပါဒေသ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ကျေးရွာချင်းဆက်လမ်း စတင်သည့် ဆိတ်ဖူးတောင်ကျေးရွာရှိ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

ထို့နောက် ဆိတ်ဖူးတောင်၊ ဘို့မအထက်၊ တောင်မြင့်ရွာမ၊ ကိုးတစ်ဖုန်းဆိုး၊ အောင်နန်းချို ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲအခမ်းအနားကို ဘို့မအထက်ကျေးရွာ၌ ကျင်းပရာ လမ်းဖွင့်ပွဲမှူခ်ဦးအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ကျေးရွာချင်းဆက်မြေသားလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တောင်ပေါ်ဒေသကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယနေ့ကျင်းပသည့် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ဆိတ်ဖူးတောင်၊ ဘို့မအထက်၊ တောင်မြင့်ရွာမ၊ ကိုးတစ်ဖုန်းဆိုး၊ အောင်နန်းချို ကျေးရွာချင်းဆက်လမ်းသည် ယခင်က ဆိုင်ကယ်လမ်းသာရှိပြီး သွားလာရန်ခက်ခဲသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ အရှည် ၄၂ မိုင်ရှိ မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း အောင်နန်းချို၊ အောင်ခေါင်၊ ကိုးတစ်ဖုန်းဆိုး၊ ခြောက်အိမ်စု၊ တောင်မြင့်ရွာမ၊ တောင်မြင့်ရေပူ၊ ကိုးတစ်ရေပူလေး၊ ကိုးတစ်ရွာမ၊ ကိုတစ်တဲစု၊ ဘို့မအထက်၊ သုံးခွတော၊ ဆိတ်ဖူးတောင် ကျေးရွာချင်းဆက်လမ်းနှင့် ပဲလောင်းရွာ၊ ရစ်ပြုပ်၊ စလူ၊ ထိန်ပြောင်၊ လေးအိမ်ရွာ၊ ဇီးရိုင်း၊ မရမ်းတောင်အောက်၊ မရမ်းတောင်အထက်၊ မြလင်း၊ မြသာ၊ လက်ဖက်တောင် ကျေးရွာချင်းဆက်လမ်းအား အမာခံမြေသားလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် တာဝန်ရှိသူများနှင့်အတူ ဘို့မအထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်နှင့်ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစောထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဘို့မအထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းသည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာ နိုင်ငံတော်အစိုးရမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပေးနေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပေးမှုများ၊ စာသင်ကျောင်းများ အသစ်ဆောက်လုပ်ပေးမှုနှင့် အဆင့်မြှင့်တင်ပေးမှုများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲဖွင့်လှစ်ပေးမှုများ၊ သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးမှုများ စသည့် တောင်ပေါ်ဒေသတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်တို့က ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆိတ်ဖူးတောင်၊ သုံးခွတော၊ ဘို့မအထက်၊ တောင်မြင့်ရွာမနှင့် ကိုးတစ်ဖုန်းဆိုးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျေးရွာများသို့ ဆိုလာမီးအိမ်များကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဘို့မကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ဆေးပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်က ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်ပေါ်ဒေသကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများက မိမိတို့ကျေးရွာအလိုက် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာ လာရောက်ထုတ်ယူကြရန် မြန်မာ့စီးပွားရေးဘဏ်က နှိုးဆော်

နေပြည်တော် မတ် ၁၀

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်က တိုးမြှင့်ပေးခဲ့သော တိုးမြှင့်ပင်စင် လစာများ လာရောက်ထုတ်ယူခြင်းမရှိသေးသော ပင်စင်စားများ၏စာရင်းကို မြန်မာ့စီးပွားရေးဘဏ်ခွဲ အသီးသီးတွင် ကြေညာပေးထားရာ ပင်စင်စားအများစုမှာ လာရောက်ဆက်သွယ်ထုတ်ယူကြပြီးဖြစ်သည်။ အကြောင်းကြောင်းကြောင့် ဘဏ်သို့ လာရောက်ဆက်သွယ်ခြင်းမပြုသေးသော ပင်စင်စားများကိုလည်း မြန်မာ့စီးပွားရေးဘဏ်က နည်းလမ်းမျိုးစုံဖြင့် အိမ်တိုင်ရာရောက် ဆက်သွယ်၍ တိုးမြှင့်ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

မြန်မာ့စီးပွားရေးဘဏ်က တိုးမြှင့်ပင်စင်လစာများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ထုတ်ပေးလျက်ရှိသဖြင့် တိုးမြှင့်ပင်စင်လစာများ ထုတ်ယူခြင်းမပြုရသေးသူ ပင်စင်စားများအနေဖြင့် သက်ဆိုင်ရာဘဏ်ခွဲနှင့် ဆောလျင်စွာ ဆက်သွယ်၍ ထုတ်ယူကြပါရန် မြန်မာ့စီးပွားရေးဘဏ်က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၄ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယား သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လင်နာ့စ် လင့်ခ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ်သင်တန်းဖွင့်

ရန်ကုန် မတ် ၁၀

EU(ဥရောပသမဂ္ဂ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ်သင်တန်း အမှတ်စဉ်(၂/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စမ်းချောင်း မြို့မရဲစခန်းဝင်းရှိ ရဲကျော်စွာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး EU မှ Mr. David က ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်သင်ခန်းစာများကို EU အဖွဲ့မှ စတင်ပို့ချကာ သင်တန်းအား ဧပြီ ၄ ရက်အထိ စာတွေ့လက်တွေ့ပေါင်းစပ်ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

မုံရွာ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (အခြေခံလက်သမား၊ ပန်းရန်) သင်တန်းဖွင့်ပွဲကို မုံရွာမြို့နယ် သပြေပင်စုကျေးရွာအုပ်စု ချမ်းမြေ့ဘုန်းတော်ကြီးကျောင်း၌ မတ် ၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းကို မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဖွင့်လှစ်ပေးပြီး သင်တန်းသား ၅၀ တက်ရောက်ကြကာ သင်တန်းကာလ ၁၀ ရက် ကြာမြင့်မည်ဖြစ်သည်။ ရပ်မိရပ်ဖတစ်ဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိမိတို့ကျေးရွာများတွင် ယခုလိုသင်တန်း လာရောက်ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာရရှိ၍ မိသားစုဝင်ငွေတိုးတက်ရရှိကာ လူနေမှုဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ခွင့်ရရှိကြောင်း ပြောသည်။

(ကြေးမုံ)

အယ်လ်နီညို ရာသီဥတုပုံစံ ပေါ်ပေါက်နိုင်မှု ဂျပန် မိုးလေဝသပညာရှင်များ ဟောကိန်းထုတ်

တိုကျို မတ် ၁၀

ယခုနှစ်နွေရာသီ၌ အယ်လ်နီညို ရာသီဥတုပုံစံ ပေါ်ပေါက်လာဖွယ်ရှိကြောင်း ဂျပန် မိုးလေဝသဗျူရိုက မတ် ၁၀ ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှု ဖြစ်ပေါ်စေနိုင်သကဲ့သို့ မိုးနည်းရေရှားပြီး မိုးခေါင်မှုဖြစ်ပေါ်စေနိုင်သော အယ်လ်နီညိုရာသီဥတုပုံစံ ပေါ်ပေါက်နိုင်မှု အလားအလာမှာ ပိုမိုများပြားလာကြောင်း ဂျပန်မိုးလေဝသပညာရှင်များက ဟောကိန်းထုတ်ထားကြသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာသည့် ထူးခြားရာသီဥတုဖြစ်စဉ်ကို အယ်လ်နီညို ရာသီဥတုပုံစံဟုခေါ်တွင်သည်။ အယ်လ်နီညို ရာသီဥတုပုံစံ ပေါ်ပေါက်လာပါက အရှေ့တောင်အာရှနှင့် ဩစတြေးလျနိုင်ငံတို့၌ မိုးခေါင်မှု ဖြစ်ပေါ်လာစေနိုင်ပြီး တောင်အမေရိကတိုက်၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ဆန်၊ ဂျုံနှင့် ကြံကဲ့သို့သော လူတို့အတွက် အခြေခံအကျဆုံး စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အရေးပါသည့် အပင်များ ထုတ်လုပ်မှု ထိခိုက်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။

မြောက်ကမ္ဘာလုံးခြမ်း၏ နွေရာသီကာလအတွင်း အယ်လ်နီညိုရာသီဥတုပုံစံ ဖြစ်ပေါ်လာဖွယ်ရှိသည်ဟု အမေရိကန် မိုးလေဝသပညာရှင်များကလည်း ဟောကိန်းထုတ်ထားသည်။ **ပီတီအိုင်။**

ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်ပြောင်းလဲမှုကို စောင့်ကြည့်နိုင်သော ကိရိယာများကို ဖြန့်ကြက်စဉ်။

ဆီးရီးယားသမ္မတ၏တပ်ဖွဲ့ လူ့အခွင့်အရေး ချိုးဖောက်ဟု စွပ်စွဲ

ဒမတ်စကတ် မတ် ၁၀

ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့က ဆင်နွှဲနေသောစစ်ပွဲတွင် လက်နက်တစ်ခုအဖြစ် အရပ်သားများအား ငတ်မွတ်သေကျေစေသော နည်းဗျူဟာကို အသုံးပြုနေကြောင်း လူ့အခွင့်အရေးလှုပ်ရှားမှု အဖွဲ့အစည်းတစ်ရပ်ဖြစ်သော နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မတ် ၁၀ ရက်တွင် စွပ်စွဲလိုက်သည်။

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ရှိ ယာမွတ်စခန်းကို အစိုးရတပ်ဖွဲ့က ဝိုင်းပတ်ပိတ်ဆို့ထားရာ ဒုက္ခသည် ၁၂၈ ဦး ထက်မနည်း သေဆုံးရကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါဒုက္ခသည်စခန်းတွင် လူထောင်ပေါင်းများစွာ ပိတ်မိနေပြီး လူမှုရေးဘေးဒုက္ခများ အကြီးအကျယ်ဖြစ်ပေါ်လာနိုင်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားသည်။

ဒုက္ခသည်များအား စခန်းပြင်ပသို့ထွက်စေ၍ ရိက္ခာရှာဖွေရန် အတင်းအကျပ်ပြုမူစေကြောင်း၊ စခန်းပြင်ပသို့ ထွက်လာသော ဒုက္ခသည်များကို လက်ဖြောင့်သေနတ်သမားများက ချောင်းမြောင်းပစ်ခတ်ရာ ၎င်းတို့ သေပွဲဝင်ကြရကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ယာမွတ်ဒုက္ခသည်စခန်း၏ ဆင်ခြေဖုံးဒေသ၌ လွန်ခဲ့သည့်ရက်သတ္တပတ်က တိုက်ခိုက်မှုအသစ်များ ပြန်လည်ဖြစ်ပွားလာခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယာမွတ်ဒုက္ခသည်စခန်း၌ ပါလက်စတိုင်းနှင့် ဆီးရီးယား ဒုက္ခသည် ၁၇၀၀၀ မှ ၂၀၀၀၀ အထိရှိမည်ဟု ခန့်မှန်းရသည်။ မြို့တော်တွင် တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသော ဒုက္ခသည်များ ဖြစ်ကြသည်။ **ဘီဘီစီ။**

အိန္ဒိယအမတ်များအမှု စစ်ဆေးပြီးစီးရန် တရားရုံးချုပ်က အချိန်ကန့်သတ်သည့်အမိန့် ထုတ်ပြန်

နယူးဒေလီ မတ် ၁၀

အိန္ဒိယနိုင်ငံတွင် ကြီးလေးသည့်ရာဇဝတ်ပြစ်မှုများ ကျူးလွန်ခဲ့ကြသည်ဟု စွပ်စွဲခြင်းခံထားရသော လွှတ်တော်အမတ်များအား တရားရုံးတော်၌စစ်ဆေးခြင်းကို တစ်နှစ်အတွင်းပြီးစီးရမည်ဟု တရားရုံးချုပ်က အမိန့်ထုတ်ပြန်လိုက်ကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းသို့ အမိန့်အတိုင်းမပြီးစီးပါက မပြီးရသည့်အကြောင်းအရင်းများကို တရားရုံးချုပ်သို့ ရှင်းလင်းတင်ပြရမည်ဟု ဆိုသည်။ အကယ်၍ လွှတ်တော်အမတ်များသည် အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်ကျခံရသော အမှုအခင်းများကို ကျူးလွန်ကြောင်း တွေ့ရလျှင် ၎င်းတို့အား ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ခြင်းမှ တားမြစ်သည့်အမိန့်ကို တရားရုံးချုပ်က ယမန်နှစ်၌ ထုတ်ပြန်ခဲ့သည်။

မကြာသေးမီနှစ်များအတွင်း၌ အိန္ဒိယနိုင်ငံမှ နိုင်ငံရေးသမားများမှာ အဂတိလိုက်စားသည့်အရှုပ်တော်ပုံများက ဝိုင်းဝိုင်းလည်လျက်ရှိသည်။ အမတ်နေရာ ၅၄၃ ရှိသော အောက်လွှတ်တော်တွင် အမတ်ဦးရေ ၁၅၀ကျော်သည် ရာဇဝတ်ပြစ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့် ရင်ဆိုင်ရန်ရှိနေသည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲအသစ်ကို ဧပြီနှင့် မေတွင်ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။ **ဘီဘီစီ။**

မြို့တော်နယူးဒေလီရှိ ပါလီမန်အဆောက်အအုံကို တွေ့ရစဉ်။

အာဖဂန်ရွေးကောက်ပွဲ ပျက်ပြားအောင် နှောင့်ယှက်မည်ဟု တာလီဘန်ခြိမ်းခြောက်

ကဘူး မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ၌ ဧပြီ ၅ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးမည်ဟု တာလီဘန်အဖွဲ့က မတ် ၁၀ ရက်တွင် ခြိမ်းခြောက်လိုက်သည်။

မဲဆန္ဒရှင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မဲရုံအရာရှိများ၊ မဲရုံလုပ်သားများ စသည့်ရွေးကောက်ပွဲနှင့်ပတ်သက်နေသော မည်သူ့ကိုမဆို တာလီဘန်အဖွဲ့က တိုက်ခိုက်သွားမည်ဟု ယင်းအဖွဲ့ကထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲပျက်ပြားစေရန် မိမိတို့ကအင်အားသုံး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြခြင်းမရှိရန်လည်း သတိပေးကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်နေဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ်ကုန်ထက်နောက်မကျဘဲ ယင်းနိုင်ငံမှ နေတိုးတပ်ဖွဲ့များ ရုပ်သိမ်းရန်စီစဉ်ထားသည်။ **ပီတီအိုင်။**

မောင်းသူမဲ့လေယာဉ် အသုံးပြု၍ မူးယစ်ဆေးဖြန့်ရန် ကြိုးပမ်းသည့် ဩစတြေးလျနိုင်ငံသားတစ်ဦးကို အရေးယူ

ကင်ဘာရာ မတ် ၁၀

မောင်းသူမဲ့လေယာဉ်ကိုအသုံးပြု၍ အကျဉ်းထောင်တစ်ခုအတွင်း မူးယစ်ဆေးဖြန့်ချိရန် ကြိုးပမ်းမှုဖြင့် ဩစတြေးလျနိုင်ငံသား တစ်ဦးကို ဖမ်းဆီးအရေးယူမှုပြုခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါး သယ်ဆောင်သောယာဉ်များသည် အကျဉ်းထောင်များအနီးတွင် မတ် ၉ ရက် မွန်းလွဲပိုင်း၌ ပျံဝဲခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းမောင်းသူမဲ့လေယာဉ်များသည် စက်လေးလုံးတပ်လေယာဉ် အမျိုးအစားများဖြစ်ပြီး ယင်းတို့သယ်ဆောင်လာသည်မှာ မူးယစ်ဆေးဝါးများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံအတွင်းရှိ အကျဉ်းထောင်များသို့ မောင်းသူမဲ့လေယာဉ်များ အသုံးပြုကာ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းမှုများပြုရန် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းကပင် ကြိုးပမ်းမှုများရှိနေခဲ့သည်။

ယမန်နှစ် နိုဝင်ဘာလအတွင်းက ရဟတ်ယာဉ်တစ်စင်းအား အဝေးမှထိန်းချုပ်မှုစနစ်များ အသုံးပြုကာ တရားဝင် တင်သွင်းခွင့်ပြုထားသည့် ဆေးရွက်ကြီးနှင့် ငုံဆေးများကို ဂျော်ဂျီယာပြည်နယ် အကျဉ်းထောင်တစ်ခုအတွင်း တင်သွင်းမှုဖြင့် ဖမ်းဆီးရမိခဲ့သည်။ **ဘီဘီစီ။**

မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုလာသည်။

ပါလက်စတိုင်းတစ်ဦးကို ဂျော်ဒန်နယ်စပ်၌ အစ္စရေးပစ်သတ်

ဂျေရုဆလင် မတ် ၁၀

အစ္စရေးစစ်သားများက ပါလက်စတိုင်းတစ်ဦးကို တနင်္လာနေ့တွင် သိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်းနှင့် ဂျော်ဒန်နိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်စခန်း၌ သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း အစ္စရေးနှင့် ပါလက်စတိုင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ဂျော်ဒန်မြစ်ကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် အော်လင်ဘီတံတား၌ အဆိုပါ ပါလက်စတိုင်းက အစ္စရေးစစ်သားတစ်ဦး၏ သေနတ်ကိုလုယူရန် ကြိုးစားခဲ့သည့်အတွက် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ပါလက်စတိုင်း လုံခြုံရေးသတင်းအရင်းအမြစ်က ယင်းသို့သေဆုံးမှုကို အတည်ပြုခဲ့ပြီး ၎င်းမှာ အသက် ၄၀ ခန့်ရှိ အမျိုးသားတစ်ဦးဖြစ်သည်ဟု ပြောသည်။

လွန်ခဲ့သောသီတင်းနှစ်ပတ်က အနောက်ဘက်ကမ်း ဘီယာဇစ်မြို့၌ အစ္စရေးစစ်သားများက ပါလက်စတိုင်းတစ်ဦးကို ဖမ်းဆီးရန်ကြိုးစားရာမှ ပစ်သတ်ခဲ့သည်ဟု ဆိုသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့ကျင်းပ

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဝိဇ္ဇောဒယ(အဂ္ဂမဟာပဏ္ဍိတ)က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက ဆောင်ရွက်တော်မူသည်။

အခမ်းအနားတွင် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့၏ ဩဝါဒါစရိယဆရာတော်ကြီး ငါးပါးကို ရွေးချယ်တင်မြှောက်သည်။ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက ပြန်လည်ရှင်းလင်း လျှောက်ထားပြီး အတည်ပြုချက်ရယူသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ယင်းနောက် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များ ဆက်ကပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာပြုဆရာတော်ကြီး သုံးပါးတို့အား အသိအမှတ်ပြုလွှာများ ဆက်ကပ်သည်။

ထို့နောက် အစည်းအဝေးတွင် ချမှတ်ခဲ့သော အစားထိုးရွေးချယ်ခဲ့မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးကျစီ လက်မှတ်ရေးထိုးတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နိဂမနဩဝါဒကထာကို နာယူသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီနှစ်ဂါထာကို (၃)ကြိမ်ရွတ်ဆိုတော်မူပြီးနောက် "သာဓု"(၃)ကြိမ်ခေါ်ဆိုလျက် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျောင်းကုန်းမြို့နယ်ရှိ အာဆင်းနစ်ပါဝင်မှုများသောကျေးရွာများသို့ ဒုတိယဝန်ကြီး ဦးတင်ငွေ ကွင်းဆင်းကြည့်ရှု

နေပြည်တော် မတ် ၁၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင်ငွေသည် ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးလှသိန်းအောင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကြည်လွင်ဦး၊ မြန်မာ့သိပ္ပံနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူဝင်းနှင့် ယူနီဆက်မြန်မာရုံးမှ ကိုယ်စားလှယ် ဒေါ်သီဂီစိုးတို့နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ အာဆင်းနစ်ပါဝင်မှုများသည့်ကျေးရွာများသို့ မတ် ၇ ရက်တွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကျောင်းကုန်းမြို့နယ်သည် အာဆင်းနစ်ပါဝင်မှုများသောဒေသဖြစ်ပြီး မြို့နယ်အတွင်းရှိ အချို့ကျေးရွာများတွင် အာဆင်းနစ်ပါဝင်မှု (500 PPB) ကျော်သည်အထိ တွေ့ရှိရသည့်အတွက် အာဆင်းနစ်ကင်းစင်သော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ်အတွင်းရှိ တောင်စုကျေးရွာ၊ တံခွန်တိုင်ရွာမကျေးရွာ၊ အလယ်စုကျေးရွာ၊ အဝစုကျေးရွာနှင့် မှော်သေးရပ်ကွက်တို့ရှိ လက်နှိပ်တုံကင်တွင်း၊ စက်ရေတွင်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ အသုံးပြုနိုင်ရေး ဆွေးနွေးပညာပေးကာ အာဆင်းနစ်ကင်းစင်သည့် သောက်သုံးရေရရှိရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ (UNICEF) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ (NGO/CSO) များနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဟု ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် လာအိုနိုင်ငံဗဟိုဘဏ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၀

မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို နေပြည်တော် မြတ်တော်ဝင်ဟိုတယ်၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌ Mr. Somphao PHAYSITH တို့ ယနေ့တွင် လက်မှတ်ရေးထိုးကြသည်။

ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့သည် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး၊ ကြပ်မတ်ကွပ်ကဲရေး၊ ငွေကြေးမူဝါဒ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၁-၃-၂၀၁၄ (အင်္ဂါနေ့)

၅း၄၀	"တရားနာနည်း" တရားတော် [ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ (ဓမ္မာစရိယ)]
၁၀း၄၀	အနုပညာမိုးကောင်းကင်
၃း၄၀	ဗီဒီယိုပြခန်း
၅း၁၀	Minute to Win It
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၂၅)
၇း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၂၂)
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၁၀၈)
၉း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၁၆)
၃း၂၀	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၄း၅၀	လောကအလင်းရောင် ဝိပဿနာ ဉာဏ်တန်ဆောင်



လူမှုဖူလုံရေးစီမံကိန်းအောင်မြင်ရန်

ပြည်သူတစ်ဦး

ပြည်သူ့ဆေးရုံကြီးများတွင် လက်ရှိတာဝန်ထမ်းဆောင်ပြီး ပြင်ပနာမည်ကြီး ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်နေကြသော နာမည်ကျော် အထူးကုသမားတော်များအား အလုပ်သမားဆေးရုံကြီးများတွင် ၎င်းတို့ သက်ဆိုင်ရာ အထူးပြုရောဂါအမျိုးအစားအပေါ်မူတည်၍ ကာလအတိုင်းအတာတစ်ခုသတ်မှတ်၍ အလှည့်ကျတာဝန်ထမ်းဆောင်နိုင်စေရန် . . .

နိုင်ငံတော်အား ဒီမိုကရေစီစနစ်ဖြင့် ပြောင်းလဲချီတက်နေသောကာလတွင် ကဏ္ဍပေါင်းစုံ၌ လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများအား အရှိန်အဟုန်ဖြင့် ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကပါဝင်ဆောင်ရွက်လျက် ရှိသည့် ကာယ၊ ဉာဏအလုပ်သမားများ၏ ဘဝတိုးတက်မြင့်မားရန်အတွက် အလေးထား ဆောင်ရွက်ပေးမှုများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပေသည်။

သာဓကအားဖြင့် တင်ပြရလျှင် အလုပ်သမားများအတွက် အဓိကလိုအပ်ချက်ဖြစ်သော "အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ချက်ဥပဒေ"အား အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းဆွေးနွေးမှုများ ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်/ တိုင်းဒေသကြီးအချို့တွင် ကြိုတင်ကွင်းဆင်းဆောင်ရွက်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

အလုပ်သမားများ လုပ်ငန်းခွင်တွင် ပျော်ရွှင်ပြီး နိုင်ငံတော်၏ လျာထားချက်/ရည်မှန်းချက်အတိုင်း ကုန်ထုတ်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့၏ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကြောင့် ကုန်ထုတ်လုပ်မှုအပေါ် တစ်စိတ်တစ်ဒေသထိခိုက်မှု မရှိစေရန်အတွက် လိုအပ်သောကျန်းမာရေး၊ လူမှုရေး၊စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ လမ်းညွှန်မှုနှင့်အညီ လူမှုဖူလုံရေးအဖွဲ့ (Social Security Board) အား ဖွဲ့စည်း၍ ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ လူမှုဖူလုံရေး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

စီမံကိန်းစတင်အကောင်အထည်ဖော်ချိန်မှစ၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ တစ်နိုင်ငံလုံး၏ မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေဖြင့် လူမှုဖူလုံရေးအာမခံကြေး ပေးသွင်းမှတ်ပုံတင်ထားသည့် အကျုံးဝင် အလုပ်သမားအရေအတွက်မှာ ၆၆၉၁၂၀ ဦးသာ မှတ်ပုံတင်ထားရှိနိုင်သည့်အတွက် လက်ရှိနိုင်ငံတော်၏ ခန့်မှန်းလူဦးရေ သန်း ၆၀ ဝန်းကျင်ခန့်နှင့် ဥပဒေအရ အကျုံးဝင်နိုင်သည့် အလုပ်သမား ရာခိုင်နှုန်းအချိုးအစားနှင့် နှိုင်းယှဉ်ပါက "လူမှုဖူလုံရေးစီမံကိန်း"အပေါ် ဥပဒေအရ အကျုံးဝင်ရန် တာဝန်ရှိသော လုပ်ငန်းရှင်/အလုပ်ရှင်များနှင့် အလုပ်သမားများအနေဖြင့် စိတ်ဝင်စားမှု လွန်စွာအားနည်းနေသေးသည်ဟု သုံးသပ်ရပါသည်။

စီမံကိန်းအောင်မြင်ရန် ရည်ရွယ်ချမှတ်ခဲ့သော "တစ်မျိုးသားလုံးအကျုံးဝင်မည့် စီမံကိန်း" ဖြစ်စေရန်ဟူသည့် ရည်မှန်းချက်ဖြင့် ချမှတ်ခဲ့သော ရည်ရွယ်ချက်သည် နှစ်(၆၀)ခန့် ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း လုပ်ငန်းရှင်/အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ ယုံကြည်မှုနှင့် ထောက်ခံအားပေးမှု လိုအပ်ဆဲဖြစ်ပြီး ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်ကို နိုင်ငံလုံးဆိုင်ရာ အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများ၏ မှတ်ပုံတင်ကိန်းဂဏန်းပမာဏက သက်သေပြလျက်ရှိပေသည်။

၂၀၁၂ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့် လူမှုဖူလုံရေးဥပဒေသစ်အား ၂၀၁၄ ခုနှစ် ဧပြီလ ၁ရက်တွင် စတင်ကျင့်သုံး အကောင်အထည်ဖော်သွားမည်ဟု သိရှိရပေသည်။ ပြောင်းလဲကျင့်သုံးနေသော ဒီမိုကရေစီလမ်းစဉ်နှင့်အညီ အလုပ်သမားများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားရင်ဆိုင်နေရသော လူမှုဒုက္ခကြုံတွေ့ရမှုများကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည့် လူမှုဖူလုံရေးဥပဒေသစ်နှင့်အညီ အကျုံးဝင်အာမခံအမျိုးအစားအလိုက် နှစ်(၆၀) ကြာအောင် အကောင်အထည်ဖော်ခဲ့သော်လည်း ထောက်ခံမှုနှင့် ယုံကြည်ကိုးစားမှု လွန်စွာနည်းပါးခဲ့သည့် စိန်ခေါ်မှုနှင့် လိုအပ်ချက်များ ပြည့်နှက်နေသော အားနည်းချက်များအပေါ် အခြေခံ၍ "ဥပဒေသစ်အပေါ်" အလုပ်သမားများမှ ယုံကြည်ကိုးစားလာအောင် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများ ထိထိရောက်ရောက်အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။

ယခင်ဥပဒေဟောင်းဖြင့် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအနေဖြင့် ဆေးဝါးကုသမှုခံယူရန်နှင့် အာမခံထားရှိမှုအတွက် အခြားအကျိုးခံစားခွင့်များအပေါ် ယုံကြည်သည့် အလုပ်သမား ရာခိုင်နှုန်းမှာ မရှိသလောက်နည်းပါးပြီး "အကျုံးဝင်မှတ်ပုံတင်မှု"နှင့် ပတ်သက်၍ အလုပ်သမားအများစုအနေဖြင့် ၎င်းတို့ လိုအပ်သောအချိန်တွင် ဆေးနား/ဆေးခွင့်ယူရန် အခွင့်အရေး၊ အထောက်အထားတစ်ခုအဖြစ် ခုတုံးလုပ်အသုံးချရန်အတွက်သာ နားလည်နေခဲ့မှုများမှာ "တစ်မျိုးသားလုံးအကျုံးဝင်မည့်စီမံကိန်း" ဖြစ်စေရန်ဟု ကြွေးကြော်အကောင်အထည်ဖော်နေသော လုပ်ငန်းစဉ်နှင့် လူမှုဖူလုံရေးအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရန် ကြီးမားသော အဟန့်အတားများဟုပင် ယူဆနိုင်ပါသည်။

၂၀၀၃ ခုနှစ် ဧပြီလ ၂၀ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော အလုပ်သမားဆေးရုံ ထန်းတပင်အား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် အထွေထွေရောဂါကု ဆေးရုံသစ်အဖြစ် ပြောင်းလဲတိုးချဲ့ ဖွင့်လှစ်ရန် လိုအပ်သောခွဲစိတ်ဆောင်အား ပန္နက်တင်မင်္ဂလာအခမ်းအနား ပြုလုပ်နိုင်ခဲ့ခြင်း၊ အလုပ်သမားများ လုပ်ငန်းခွင်မပျက် ဆေးကုသမှုခံယူနိုင်စေရေးအတွက် အဆင့်မြင့်ရွေ့လျားဆေးကုသယာဉ်စနစ်ဖြင့် ဆေးကုသပေးခြင်းနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများနှင့် စာချုပ်ချုပ်ဆို ကျန်းမာရေးဝန်ဆောင်မှုပေးရန် ပြင်ဆင်နေမှုများသည် ဥပဒေသစ် စတင်အကောင်အထည်မဖော်မီ "လူမှုဖူလုံရေးအဖွဲ့အပေါ်" ယုံကြည်မှုမြင့်မားလာအောင် အကြိုဆောင်ရွက်မှုများဟု ဆိုနိုင်မည်ဖြစ်ပါသည်။

လက်ရှိစမ်းသပ်ဆောင်ရွက်နေသော အဆင့်မြင့်ရွေ့လျားဆေးကုသယာဉ်ဖြင့် လိုက်လံကုသပေးသည့် လုပ်ငန်းစဉ်နှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ ဆေးကုသမှုဆောင်ရွက်မည့်ကိစ္စရပ်များသည် စာရေးသူတို့နိုင်ငံတွင် လတ်တလောအခြေအနေအရ အာမခံလုပ်သားထုတစ်ရပ်လုံး လက်လှမ်းမီနိုင်သော ဆေးဝါးကုသမှုလုပ်ငန်းစဉ်တစ်ခု မဖြစ်နိုင်သေးဟု ထင်မြင်မိပါသည်။ အမှန်တကယ်ဖြစ်သင့်သည်မှာ စက်ရုံ/ အလုပ်ရုံအသီးသီးမှ အခါအားလျော်စွာ ကူးစက်ရောဂါဖြစ်ပွားခြင်း၊ ကြီးမားသော လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားခြင်းနှင့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရ၍ ဆေးခန်း၊ ဆေးရုံအား သွားရောက်ကုသရန် အခက်အခဲကြုံတွေ့ရသည့်အချိန်တွင် အထက်ဖော်ပြပါ အစီအစဉ်အတိုင်း ရွေ့လျားဆေးကုသယာဉ်နှင့် သွားရောက်ကုသပေးပါက လွန်စွာထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်ဖြစ်မည်ဟု အကြံပြုအပ်ပါသည်။

မည်မျှပင် ရည်ရွယ်ချက်ကောင်းဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်စေကာမူ လူမှုဖူလုံရေးစီမံကိန်းမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သောကြောင့် အာမခံအလုပ်သမားထုတစ်ရပ်လုံး အမှန်တကယ် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်မည့် လုပ်ငန်းစဉ်များကိုသာ အလေးထားဦးစားပေး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

စီမံကိန်း၏လုပ်ငန်းစဉ်တွင်ပါဝင်သော ဆေးရုံ၊ ဆေးခန်းများအတွက် ဆေးဝါးနှင့် အထောက်အကူပစ္စည်းများ၏ ကုန်ကျစရိတ်များ၊ အာမခံစနစ်အလိုက် ဥပဒေပါအတိုင်း ငွေကြေးအကျိုးခံစားခွင့်များနှင့် အခြားလူမှုဒုက္ခကြုံတွေ့ရမှုများအတွက် ကုန်ကျငွေအားလုံးသည် အလုပ်ရှင်/အလုပ်သမားများမှ စုပေါင်းထည့်ဝင်ထားသည့် ငွေများအား စုစည်းထားသည့် "လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ပုံငွေ"ဖြင့် လည်ပတ်စောင့်ရှောက်ရသော လုပ်ငန်းစဉ်ဖြစ်၍ ရန်ပုံငွေတိုးပွားရန် ကိစ္စရပ်အား ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။ ရန်ပုံငွေတိုးတက်ရန်အတွက် ဥပဒေနှင့်အကျုံးဝင်သည့် အလုပ်သမားအားလုံး အကျုံးဝင်ရန် လိုအပ်သကဲ့သို့ ကောက်ခံရရှိထားသော ရန်ပုံငွေကိုလည်း တိုးပွားရန်အတွက် ဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်သော ရင်းနှီးမြှုပ်နှံမှုများမှ အစပြု၍ အဖွဲ့ပိုင် ဘဏ်လုပ်ငန်းများ တည်ထောင်လည်ပတ်လုပ်ကိုင်နိုင်သည့် အခြေအနေအဆင့်အထိရောက်ရှိအောင် ကြိုးစားဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဟု ထင်မြင်ယူဆမိပါသည်။

စာရေးသူ၏ တင်ပြမှုအပေါ် ယခင်ဥပဒေဟောင်းဖြင့်လည်း လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နှစ်ပေါင်း (၆၀)ခန့် ဖြတ်သန်းခဲ့ပြီးဖြစ်သော်လည်း ထည့်ဝင်ကြေး (Contribution) နှင့် အကျိုးခံစားခွင့် (Benefits) ပြန်ပေးခြင်းလုပ်ငန်းစဉ်တွင် ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမား ပေါ်ပေါက်ခဲ့ဖူးပါသလားဟု ပြန်လည်မေးခွန်းထုတ်နိုင်ပါသည်။ သို့ရာတွင် ထိုခေတ်ထိုအခါက ဥပဒေအရ မလွှဲမရှောင်သာ၍သော်လည်းကောင်း၊ မဝင်မနေရ သတ်မှတ်ချက်ကြောင့်သော်လည်းကောင်း၊ အလုပ်သမားများအနေဖြင့် ဝင်ရောက်ခဲ့ကြရခြင်းဖြစ်ပြီး ဆေးဝါးကုသမှုနှင့် အကျိုးခံစားခွင့်ရရှိရေးဆိုသော မျှော်မှန်းချက်မျိုးထက် ဆေးနား/ဆေးခွင့် ရရှိရေးမျှလောက်သာ မျှော်ကိုး၍ အကျုံးဝင်မှတ်ပုံတင်ခဲ့ကြသည်ဟု ယူဆနိုင်ပါသည်။

နိုင်ငံတော်၏ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်နှင့်အတူ အလုပ်သမားများ၏ အသိအမြင်များမှာလည်း တိုးတက်ပွင့်လင်းလာပြီဖြစ်၍ ယခင်ကဲ့သို့ အရည်အသွေးမပြည့်ဝသော ဆေးဝါးကုသမှု၊ ဆေးဖိုးပြန်လည်တောင်းခံမှု၊ လုပ်ငန်းခွင်ထိခိုက်မှု (Employment Injury) နှင့် အခြားအကျိုးခံစားမှုများအတွက် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှု (ဥပမာ-နှစ်၊ လ ကြာအောင် စောင့်ဆိုင်းတင်ပြတောင်းခံရမှု) ကိစ္စရပ်မျိုးများ ဥပဒေအသစ်တွင် ဆက်လက်မဖြစ်ပေါ်အောင် အထူးကြပ်မတ်စိစစ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဥပဒေသစ်ဖြင့် ကျင့်သုံးစဉ် စီမံကိန်းအောင်မြင်ရန်အတွက် အခရာကျသော ဆရာဝန်နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိများအနေဖြင့် ဆေးဝါးကုသမှုနှင့် အာမခံအရပ်ရပ်ဆိုင်ရာ အကျိုးခံစားခွင့်များအား ကရုဏာနှင့် စာနာစိတ်တစ်ခုအပေါ်သာ အရင်းခံ၍ စိစစ်မှုအားနည်း၍ သော်လည်းကောင်း၊ စနစ်တကျ အဂတိလိုက်စားမှု (Systematic Corruption) ပြုလုပ်လို၍သော်လည်းကောင်း လုပ်ပိုင်ခွင့်များကို မူဘောင်အတွင်းမှ မရိုးသားသောနည်းဖြင့် မဆောင်ရွက်မိရန် အထူးလိုအပ်မည်ဖြစ်ပါသည်။ ဤကဲ့သို့ တင်ပြရခြင်းမှာ ဥပဒေဟောင်းဖြင့် ကျင့်သုံးစဉ်ကာလတွင် မှားယွင်းလုပ်ဆောင်ခဲ့မှုများအား သက်ဆိုင်ရာအလုပ်သမားအသိုင်းအဝိုင်း၏ မကျေနပ်မှု/ မကျေလည်မှုများမှတစ်ဆင့် ပြန်လည်ကြားသိရသည့်အပြင် လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ပုံငွေဖြစ်သောကြောင့် အထူးအလေးထားဂရုပြုရန် တိုက်တွန်းရခြင်းဖြစ်ပါသည်။

လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်/သူနာပြုများနှင့် အတတ်ပညာရှင်များကိုလည်း အရည်အချင်းမြှင့်တင်ရေးအစီအစဉ်များစနစ်တကျ ရေးဆွဲဆောင်ရွက်ပေးသွားသင့်ပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင်လည်း အမှန်တကယ်လိုအပ်မည့် ခွဲစိတ်ခန်းများထားရှိပေးခြင်း၊ ခွဲစိတ်မှန်စက်၊ အာထရာဆောင်းစက်နှင့် (CT Scan) စက်များ တပ်ဆင်ပေးခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုအတွက် အခြေခံကျကျလိုအပ်သော အဆောက်အအုံများကိုလည်း ပြုပြင်/တိုးချဲ့ဆောက်လုပ်သွားခြင်းနှင့် အပြုသဘောဖြင့် အထောက်အကူပေးလိုသော နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်သွားစေလိုကြောင်း အကြံပြုအပ်ပါသည်။

ပြည်သူ့ဆေးရုံကြီးများတွင် လက်ရှိ တာဝန်ထမ်းဆောင်ပြီး ပြင်ပနာမည်ကြီး ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်နေကြသော နာမည်ကျော် အထူးကုသမားတော်များအား အလုပ်သမားဆေးရုံကြီးများတွင် ၎င်းတို့ သက်ဆိုင်ရာ အထူးပြုရောဂါအမျိုးအစားအပေါ်မူတည်၍ ကာလအတိုင်းအတာတစ်ခုသတ်မှတ်၍ အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်စေရန် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍သော်လည်းကောင်း၊ အဖွဲ့ပိုင် ရန်ပုံငွေမှ ဉာဏ်ပူဇော်ခအဖြစ် သုံးစွဲကန်တော့၍သော်လည်းကောင်း လာရောက်တာဝန်ထမ်းဆောင်နိုင်အောင် နည်းလမ်းရှာဖွေသင့်ပေသည်။ ဤကဲ့သို့ သမားတော်ကြီးများ လာရောက်၍ အလုပ်သမားများ၏ ကျန်းမာရေးအပေါ် ဝန်ဆောင်မှုပေးပါက လူမှုဖူလုံရေးအဖွဲ့အပေါ် အလုပ်သမားထု၏ ယုံကြည်ကိုးစားမှု ပိုမိုတိုးတက်လာပြီး စီမံကိန်းအောင်မြင်ရန်အတွက် များစွာအထောက်အကူရရှိစေနိုင်မည်ဖြစ်ကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်သူများ၏နစ်နာမှုများကို တရားစီရင်ရေးအဖွဲ့က တတ်နိုင်သရွေ့ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းသည့် ဥပဒေကြမ်းတစ်ရပ်ဖြစ်

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးတွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း အပါအဝင် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ယခုလို သက်ဆိုင်ရာဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ရန် စေတနာထားကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေး ပူးပေါင်းကော်မတီ၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုအစိုးရဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းများကို အထူးကျေးဇူးတင်ရမှာ ဖြစ်ပါကြောင်း။

ယခင်နှစ်များက လွှတ်တော်တွင်ဆွေးနွေးဆောင်ရွက်နိုင်ခွင့်မရရှိခဲ့သည့်အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ယခုကဲ့သို့ စတင်ဆောင်ရွက်နိုင်အောင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုနှင့် စေတနာကိုလည်းသိရှိနားလည်အသိအမှတ်ပြုရမှာ ဖြစ်ပါကြောင်း။

အစည်းအဝေးကာလ ကျန်ရှိသည့်ရက်အတွင်းမှာ အချိန်မီပြီးစီးနိုင်အောင် ဆောင်ရွက်ရသည့်အတွက် အကယ်၍ အမှားအယွင်းအချို့ပါရှိပါက လွှတ်တော်အတွင်းမှာပင် ပြင်ဆင်တည့်မတ်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကက အမျိုး၊ဘာသာ၊ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတထံမှ ပြန်ကြားစာကိုတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ အကြောင်းပြန်စာတွင် သာသနာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ဆက်စပ်သက်ဆိုင်နေသည့်ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားမှုနှုန်း ထိန်းညှိခြင်းဆိုင်ရာဥပဒေကြမ်းတို့ကို အုပ်ချုပ်ရေးအဖွဲ့နှင့်ပြင်ပရှိ ဥပဒေပညာရှင်များ၊ ဘာသာရပ် ကျွမ်းကျင်သူများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းကျွမ်းကျင်သူများပါဝင်သည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ဖွဲ့စည်း၍ရေးဆွဲမည်ဖြစ်ပါကြောင်း။

လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းတို့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဆက်နွှယ်သက်ဆိုင်သဖြင့် ယင်းကတာဝန်ယူရေးဆွဲရန်ဖြစ်ပါက သီးခြားမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုလွှတ်တော်မှ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ၂၀၁၄ ခုနှစ် စာချုပ်စာတမ်းအမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီကအစီရင်ခံစာ တင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ ကာလစည်းကမ်းသတ်မှတ်ဥပဒေတွင် နှစ်ပေါင်း ၃၀ အထိ တရားစွဲဆိုခွင့်ပေးထားသည်ကို တွေ့ရှိရပြီး ယခုစာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း၏မူလအဆိုပြုချက်တွင် ၁၂ နှစ်အထိကာလ သတ်မှတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များကတင်ပြဆွေးနွေးခဲ့ကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ဤဥပဒေကြမ်းသည် ပြည်သူများ၏နစ်နာမှုများကို တရားစီရင်ရေးအဖွဲ့က တတ်နိုင်သရွေ့ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းသည့် ဥပဒေကြမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် အများပြည်သူတို့က တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် မိမိတို့၏ နစ်နာချက်များကိုအများဆုံးထုတ်ဖော် ပြောဆိုနေကြချိန်လည်းဖြစ်ရာ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲချက်ဖြစ်သော တစ်နှစ်အတွင်းလျှောက်လွှာတင်သွင်းခြင်းနှင့် နှစ်နှစ်အတွင်းလျှောက်လွှာတင်သွင်းခြင်းတို့အနက် နှစ်နှစ်ကာလခွင့်ပြုသည့် ပြည်သူတို့၏နစ်နာချက်ကို တင်ပြလျှောက်ထားရန် အခွင့်အလမ်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်းဖြင့်ဖော်ပြပါရှိသည်။

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့် နိုင်ငံတော် သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ နိုင်ငံတော်သမ္မတက အရေးအသားအသုံးအနှုန်းနှင့်စပ်လျဉ်း၍ ပေးပို့လာသော သဘောထားမှတ်ချက်(၆)ချက်သည် တည်ဆဲဥပဒေအမည်နှင့် ကိုက်ညီမှုရှိစေရန်၊ အနက်အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်၊ လက်တွေ့ဆောင်ရွက်နေမှုများနှင့် ကိုက်ညီမှုရှိစေရန်တို့အတွက်သဘောထားမှတ်ချက်များပေးပို့လာခြင်းဖြစ် သဖြင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များ နှင့်အညီပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စီးပွားရေးပိတ်ဆို့မှုများကို ကျော်လွှားနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် လည်းကောင်း အရေးကြီးသည့် ဥပဒေတစ်ရပ်ဖြစ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်း၏ ဥပဒေပြုရေးလုပ်ငန်းများကို နိုင်ငံတော်အကျိုးစီးပွားအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ပေးပို့လာသော သဘောထားမှတ်ချက်များသည် ပိုမိုပြည့်စုံကောင်းမွန်သည့်ဥပဒေတစ်ရပ်ဖြစ်ရေးအတွက် အကြံပြုပေးပို့လာခြင်းဖြစ်ပါသဖြင့် ဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၇)၊ ပုဒ်မခွဲငယ်စိတ် (ကက)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲငယ် (၁၂)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ပုဒ်မ ၅၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၄၂ နှင့် အခန်း(၁၀) ခေါင်းစဉ်တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

အစည်းအဝေးကို ည ၇ နာရီ မိနစ် ၄၀တွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ဂျပန်အစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးထောက်ပံ့ကူညီ

နေပြည်တော် မတ် ၁၀

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ မွန်ပြည်နယ်တွင် ဓမ္မသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေတော-ကော့လုံးစိန် ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတား တစ်စင်းတို့ကို ဆောက်လုပ်ကူညီပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသားကျောင်းသူ ၃၀၀ ကျော်ရှိပြီး ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံဟောင်းများတွင် ဖြစ်သလို စာသင်ကြားနေရပြီး ကောင်းမွန်သော စာသင်ကြားမှုပတ်ဝန်းကျင်ကောင်းများရရှိစေရန်အတွက် ယခုကဲ့သို့ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေတော-ကော့လုံးစိန် ကျေးရွာချင်းဆက်တံတားမှာလူဦးရေ ၈၆၀၀ ကျော် အသုံးပြုလျက်ရှိပြီး ယိုယွင်းပျက်စီးနေသောဝါးတံတားနေရာတွင် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးခဲ့သည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် တံတားဖွင့်ပွဲ အခမ်းအနားများကို မတ် ၅ ရက်က ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။ အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သံကူကွန်ကရစ်တံတားအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၀၄၃၉ ဒေါ်လာ ကုန်ကျခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီး စီမံကိန်းပေါင်း ၆၆၉ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၀၁ ခု၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၇၀ နှင့် လူမှုဖူလုံရေးနှင့်ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၃ ခု၊ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၃၀ နှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုတို့ကို ဆောက်လုပ်ကူညီခဲ့ပြီးဖြစ်သည်။ ဤအထောက်အပံ့များသည် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးကိုပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။

(ကြေးမုံ)

ဖြည့်စွက်ဖတ်ရှုပါရန်

(၁၀-၃-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၆)တွင် ဖော်ပြခဲ့သော စေတနာမောင်၏ "အလုပ်အကျွေးပြုလိုသည့်ဆန္ဒနှင့် တုံ့ပြန်စေတနာ" ဆောင်းပါးနောက်ဆုံးစာပိုဒ်၌ "၁၉၈၀ ပြည့်နှစ်မှစ၍ ပြည်သူကို အစဉ်တစိုက် အလုပ်အကျွေးပြုလာခဲ့သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

(စာရေးသူ)

ရန်ကုန်တောင်ပိုင်းခရိုင်၌ ဆွမ်းဆန်တော်လောင်းလှူ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၏ ဦးဆောင်မှု၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တောင်ပိုင်းခရိုင်သာသနာ့နုဂ္ဂဟအသင်းတို့၏ စီစဉ်မှုဖြင့် ပထမအကြိမ် ခရိုင်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် အဂ္ဂမဟာမဏိရတနာကျောင်းတော်ကြီး၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို မြို့နယ်များမှ မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများ စုစုပေါင်း ဆရာတော် ၁၃၅ ပါးတို့အား အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းတန်ဖိုးကျပ် ၂၀၈ သိန်းကျော်ကို လောင်းလှူခဲ့ကြောင်းသိရသည်။

သန်းဝင်း(သန်လျင်)

☆ ရွှေဖုံးမှ

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ထားဝယ်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ ရောက်ရှိပြီး ခုတင် (၁၀၀)ဆံ့ ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် တွေ့ဆုံပွဲကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအား ဂုဏ်ယူပါကြောင်း၊ ဆေးရုံ၏ လိုအပ်ချက်များနှင့် ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများသည် အရည်အချင်း၊ အရည်အသွေးမြင့်မားရန် လိုအပ်ပြီး ပြည်သူများနှင့်ဆက်ဆံရာတွင် စေတနာ မေတ္တာပြည့်ဝစွာ စိတ်ရှည်သည်းခံဆက်ဆံပြောဆိုရန်လိုအပ်ပါကြောင်း၊ မိမိတို့ပြည်သူများကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာရရှိရန် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတိုင်းတွင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် CB ဘဏ်၊ ACE ကုမ္ပဏီ၊ ADVEBTURE MYANMAR ကုမ္ပဏီနှင့် ဧရာစွမ်းအားကုမ္ပဏီတို့မှ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ သွေးအနည်ထိုင်စက်ဝယ်ယူရန် ငွေကျပ်သိန်း ၁၂၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဘုရင့်နောင်တောင်ကုန်းရှိ ရှုရပ်သို့ ရောက်ရှိပြီး ပတ်ဝန်းကျင်ရှုခင်းများအား ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့မှ မြိတ်မြို့သို့ရောက်ရှိရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြိတ်အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် CB ဘဏ်၊ ACE ကုမ္ပဏီ၊ ADVEBTURE MYANMAR ကုမ္ပဏီနှင့် ဧရာစွမ်းအားကုမ္ပဏီတို့မှ မြိတ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်သိန်း ၈၀ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့်ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းသို့ရောက်ရှိပြီး ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန်တန် ၁၀၀၀ အအေးခန်းစက်ရုံနှင့် ကဏန်းအရေပျော့မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ပေါ်ရှိ သမိုင်းဝင်လေးကျွန်းဆီမီးစေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနက တောင်ငူခရိုင်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့်လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 SET TOP BOX များ အခမဲ့ပေးအပ်

တောင်ငူ မတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 SET TOP BOX များ အခမဲ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး တောင်ငူခရိုင်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 SET TOP BOX များ အခမဲ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူလူထုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယခုကဲ့သို့ ပေးအပ်ခြင်းမှာ နိုင်ငံတော်သမ္မတကြီး၏ ပြည်သူကို ဗဟိုပြုလုပ်ငန်းများကို အကောင်အထည် ဖော်ခြင်းဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုစေပါကြောင်း၊ ANALOGUE စနစ်သည် ရုပ်/သံလိုင်းတစ်လိုင်းသာ ကြည့်ရှု၍ ရနိုင်ခြင်းမှ ယခုကဲ့သို့ DIGITAL စနစ်သို့ ပြောင်းလဲခြင်းကြောင့် ရုပ်/သံလိုင်း ၁၅ လိုင်းမှ ၁၆ လိုင်းအထိ ကြည့်ရှု၍ ရနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရုပ်သံအရည်အသွေး ပိုမိုကောင်းမွန်ကြည်လင်စွာ ကြည့်ရှုသွားနိုင်မည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယနေ့ပေးအပ်မှုတွင် တောင်ငူခရိုင်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှု အဆင့်(E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 SET TOP BOX အလုံးရေ ၁၀၂၀၂ လုံးကို အခမဲ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက DVB-T2 SET TOP BOX များကို တိုင်းဒေသကြီးဝန်ကြီး ဦးရဲမြင့်ထွန်းအား ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးက တောင်ငူခရိုင်အတွင်း လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E)ရှိသော အိမ်ထောင်စုများသို့ ဆက်လက်ဖြန့်ဝေပေးသွားရန်အတွက် DVB-T2 SET TOP BOX များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထံ ဆက်လက်ပေးအပ်ခဲ့သည်။

ယင်းနောက် တောင်ငူမြို့ မိုးကောင်းကျေးရွာအုပ်စု အင်ဝိုင်းကျေးရွာမှ ဦးစောကြူက "ယခင်က ANALOGUE စနစ်ဖြင့် ရုပ်သံလိုင်း တစ်လိုင်းသာ ကြည့်ရှုနေရခြင်းမှ ယခုအခါ DIGITAL စနစ်ဖြင့် တီဗွီဖန်သားပြင်တွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍစုံအပြင် တိုင်းရင်းသားမျိုးစုံ၏ ဓလေ့ထုံးစံများ၊ တောင်သူလယ်သမားများအတွက် အကျိုးရှိစေမည့် ကဏ္ဍများပါဝင်သည့် ရုပ်သံလိုင်းများစွာကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်တော့မည်ဖြစ်သောကြောင့် ဝမ်းသာမိပါကြောင်း၊ ယခုကဲ့သို့ အဆင့်အတန်းမြင့်မြင့် ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အင်ဂျင်နီယာအဖွဲ့က SET TOP BOX တပ်ဆင် အသုံးပြုပုံကို သရုပ်ပြရှင်းလင်းခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့သည် တောင်ငူမြို့ မိုင်ဒါကွင်းရှိ မြို့မဈေးကြီး မီးလောင်ဈေးဆိုင်ခန်းပိုင်ရှင်များအတွက် ယာယီဈေးတည်ဆောက်မှုကိုကြည့်ရှုခဲ့သည်။

အဆိုပါမိုင်ဒါကွင်းရှိ ယာယီဈေးသည် တောင်ငူမြို့ မြို့မဈေး မီးလောင်ဈေးဆိုင်ခန်းပိုင်ရှင်များအနက် ပြန်လည်ရောင်းချရန် ဆန္ဒပြုသော ဈေးဆိုင်ခန်းပိုင်ရှင်များအတွက် တည်ဆောက်ခြင်းဖြစ်သည်။ ဈေးဆိုင်ခန်း အရွယ်အစားမှာ (၈ ပေ × ၈ ပေ)ပတ်လည်ဖြစ်ပြီး ကွန်ကရစ်ခင်း၊ သံတိုင်၊ သွပ်မိုး၊ သွပ်ကာ အဆောက်အအုံ ဖြစ်သည်။ ယခုအခါ ဈေးရုံ ၅၆ ရုံ၊ ဆိုင်ခန်း ၆၇၂ ခန်းအနက် ၄၆ ရုံမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး လုပ်ငန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ သတ်မှတ်ကာလဖြစ်သော တစ်လအတွင်း ပြီးစီးရေးအတွက် နေ့ဆိုင်း၊ ညဆိုင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါဆိုင်ခန်းများ ဆောက်လုပ်ပြီးစီးပါက မီးလောင်ဆုံးရှုံးသွားသော ဆိုင်ခန်းရှင်များအား အခမဲ့ပြန်လည်ဈေးရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

○ လေးမျက်နှာကျေးရွာမှ

ငွေကျပ် ၂၀၀၀ မှ ၅၀၀၀ ကျပ်အထိရရှိသလို လွယ်အိတ်ချုပ်လုပ်ငန်းကို လုပ်ကိုင်သူအမျိုးသမီးကလည်း လွယ်အိတ်ချုပ်ခတစ်လုံးကို ငွေကျပ် ၁၀ မှ ၁၅ အထိရရှိပြီး တစ်နေ့ကို လွယ်အိတ်ဒီဇိုင်းလွယ်လျှင် အလုံး ၄၀ နှင့် ရိုးရိုးဒီဇိုင်းဆိုလျှင် ၁၀၀ ခန့်အထိ ချုပ်နိုင်တယ်။ ထွက်ရှိလာတဲ့ လွယ်အိတ်များကို မန္တလေးမြို့မှတစ်ဆင့် မြန်မာနိုင်ငံအနှံ့အပြားသို့ လွယ်အိတ်တစ်လုံး ငွေကျပ် ၆၀၀ မှ ၂၅၀၀ ကျပ်နှုန်းဖြင့် ပေးပို့ရောင်းချလျက်ရှိပါတယ်။

"လွယ်အိတ်များကို မူလတန်းမှ တက္ကသိုလ်အထိ ကျောင်းသားကျောင်းသူများ အသုံးပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လွယ်အိတ် အသုံးပြုမှုတွင် ၇၀ ရာခိုင်နှုန်းမှာ လေးမျက်နှာကျေးရွာမှထွက်ရှိသည့် လွယ်အိတ်များဖြစ်ကြောင်း၊ ကျောပိုးအိတ်တွေ ဘယ်လောက်များများ၊ လွယ်အိတ်ကတော့ တိမ်ကောပျောက်ကွယ်သွားမည်မဟုတ်ကြောင်း၊ လွယ်အိတ်သည် ကမ္ဘာမှာ မြန်မာနိုင်ငံတစ်ခုတည်းသာ ထုတ်လုပ်သောပစ္စည်းဖြစ်၍ မြန်မာ့လက်မှုပညာစစ်စစ်ဖြစ်သည့်အတွက် မြန်မာလူမျိုးကို ချစ်ရင် လွယ်အိတ်ကို ချစ်ရမည်ဖြစ်ပါကြောင်း လေးမျက်နှာကျေးရွာမှ လွယ်အိတ်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးရွှေထွန်းက ပြောကြားသည်။

အမျိုးသမီးငယ်လေးများ၏ လွယ်အိတ်ရက်လုပ်သည့် ရက်ကန်းစင်မှ လွန်းလက်ခတ်သံများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ များစွာအထောက်အကူပြုလျက်ရှိနေသဖြင့် မလေးလက်ခတ်သံဖြင့် အဆင်ပြေလျက်ရှိနေသော ဝမ်းတွင်းမြို့နယ်မှ လေးမျက်နှာကျေးရွာပေါ်သို့ ရက်ကန်းစင်မှထွက်ရှိသည့် လွန်းလက်ခတ်သံများသည် ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ-သီရိလင်္ကာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မတ် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် သီရိလင်္ကာနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Hon.Lakshman Wasantha Perera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၁၀ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်နေပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရေး၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပညာပေးရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက၏အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်စည်ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ အပြန်အလှန်တိုးမြှင့်ကျင်းပသွားနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဓလေ့၊ ယဉ်ကျေးမှုတို့မှာလည်း နီးစပ်သည့်အတွက် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း တိုးမြှင့် ဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

မတ် ၁၀ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ် မြို့တော်ရန်ကုန်ဓာတ်ပုံပြိုင်ပွဲဆု ရွေးချယ်ပွဲကို ရန်ကုန်မြို့တော်ခန်းမ ပထမထပ်၌ စတင်ကျင်းပရာ ဓာတ်ပုံပညာရှင် ၁၂၅ ဦး၏ ကဏ္ဍလေးခုတွင် ယှဉ်ပြိုင်သော ဓာတ်ပုံပေါင်း ၉၆၈ ပုံကို ဓာတ်ပုံပညာရှင်များ ဖြစ်ကြသည့် ဦးမြင့်သိန်းဖေ၊ ပန်းချီစိုးမိုး၊ ဦးထွန်းရွှေ၊ ဦးမောင်မောင်သောင်း၊ ဦးသီဟသိန်းညဏ်တို့က အကဲဖြတ်ရွေးချယ်ပေးကြစဉ်။ (ငွေအောင်)

သီရိလင်္ကာနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးက ၎င်းတို့အနေဖြင့် ကျောက်မျက်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရန် နောက်ဆုံးပေါ် နည်းပညာများ ပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံမှ အဓိက တင်ပို့နေသည့် လယ်ယာထွက်ကုန် ပစ္စည်းများ၊ ကျောက်မျက်ရတနာ ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး၊ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုနိုင်ရေးတို့ကို ၎င်းတို့၏ နည်းပညာများဖြင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျောက်ချင်းမလှ ပျောက်နေသည့် မလေးရှားလေယာဉ် အပူတပြင်းရှာဖွေလျက်ရှိ

ဘာသာပြန် - အေဝမ်းစိုး

လွန်ခဲ့သည့် သုံးရက်နီးပါးက ပျောက်ဆုံးသွားသည့် မလေးရှားလေယာဉ်ကို နိုင်ငံပေါင်း ၁၀ နိုင်ငံမှ သင်္ဘော ၃၄ စင်း၊ လေယာဉ်အစင်း ၄၀ ဖြင့် ကြိုးစားရှာဖွေနေသော်လည်း တစ်စုံတစ်ရာထူးခြားမှုမရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

"စိတ်မကောင်းပါဘူးဗျာ။ လေယာဉ်နဲ့ ပတ်သက်လို့ ဘာသဲလွန်စမှကို ရှာမတွေ့သေးပါဘူး" ဟု မလေးရှား မြို့ပြလေကြောင်းပျံသန်းရေးဌာန ညွှန်ကြားရေးမှူးချုပ် အာဇာဟူဒင် အဗ္ဗဒူလ် ရာမန်က တနင်္လာနေ့တွင် သတင်းထောက်များကို ပြောကြားသည်။ ထို့ကြောင့် ပျောက်ဆုံးနေသည့် လေယာဉ်နှင့် ခရီးသည်များ၏ကံကြမ္မာအတွက် အဖြေရှာမရနိုင်သေးဘဲ ပဟေဠိဆန်နေဆဲဖြစ်သည်။

သတင်းမီဒီယာများတွင် ဖော်ပြနေသည့် လေယာဉ်တံခါးဟု ယူဆရသည့် အရာဝတ္ထုတစ်ခုကို ဗီယက်နမ်ကမ်းလွန် တောင်ပိုင်းတွင် ဗီယက်နမ်ရှာဖွေရေးတပ်က ရှာဖွေတွေ့ရှိခဲ့သည်ဟူသော သတင်းကို ရာမန်က ငြင်းဆိုသွားခဲ့သလို ဗီယက်နမ် တာဝန်ရှိသူများကလည်း အတည်ပြုခဲ့ခြင်းမရှိခဲ့ပေ။ အခြားသတင်းများတွင်လည်း လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိကြောင်း ရေးသားဖော်ပြသော်လည်း မဟုတ်မှန်ကြောင်း ရာမန်က ငြင်းဆိုသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံတောင်ဘက် မိုင် ၉၀ အကွာ ထိုင်းပင်လယ်ကွေ့ရှိ တော်ချူးကျွန်းအနီးတွင် ဆီကွက်ကြီးများတွေ့ရှိသည်ဟုဆိုခဲ့သော်လည်း အဆိုပါဆီနမူနာများကို စစ်ဆေးခဲ့ရာ ကုန်တင်သင်္ဘောကြီးများ၏ ဆီသိုလှောင်ကန်မှ ဆီများဖြစ်ပြီး လေယာဉ်ဆီမဟုတ်ကြောင်း မလေးရှားနိုင်ငံပိုင် သတင်းအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့သည်။ ရှာဖွေရေးလေယာဉ်များနှင့် သင်္ဘောများမှ မည်သည့်တစ်စုံတစ်ရာ သဲလွန်စမျှ ရှာဖွေတွေ့ရှိခြင်း မရှိသေးသည့်အတွက် ခရီးသည်များ၏ မိသားစုဝင်ဆွေမျိုးများအနေဖြင့် အဆိုးဆုံး အခြေအနေအတွက်သာ ပြင်ဆင်ထားကြရန် ရာမန်က ပြောကြားခဲ့သည်။

လေယာဉ်အမှုထမ်းများအပါအဝင် စုစုပေါင်း လူ ၂၃၉ ဦး လိုက်ပါသွားသည့် မလေးရှားလေယာဉ်သည် စနေနေ့နံနက်ပိုင်းက ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ပျောက်ဆုံးသွားစဉ်ကတည်းက ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ထိုင်း၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ နယူးဇီလန်နိုင်ငံတို့မှ ရှာဖွေရေးတပ်ဖွဲ့များက မလေးရှားနိုင်ငံနှင့် ပူးပေါင်း၍ ထိုင်းပင်လယ်ကွေ့နှင့် တောင်အာရှနိုင်ငံများကြားရှိ တောင်တရုတ်ပင်လယ်တစ်ခွင် ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်။ အခုလောလောဆယ် လေယာဉ်နောက်ပြန် ကွေ့လာသည်ဟု ရေဒါတွင် အချက်ပြခဲ့သည့် ထိုင်းနိုင်ငံနယ်စပ် အက်ဒမန်ပင်လယ်ဝန်းကျင်တစ်ဝိုက်တွင် ဦးစားပေးရှာဖွေလျက်ရှိသည်။ ယမန်နေ့ည ၇ နာရီမှ နံနက် ၇ နာရီအထိ ညလုံးပေါက် ရှာပုံတော်ဖွင့်ခဲ့သော်လည်း မည်သည့်

ထူးခြားချက်မျှ မတွေ့ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ "ကျွန်တော်တို့ ခိုင်မာတဲ့ သက်သေအထောက်အထားတွေ လိုအပ်နေပါတယ်။ ရှာဖွေရေးကို အရှိန်တိုးမြှင့်လုပ်ဆောင်နေပါတယ်" ဟု ရာမန်က ပြောကြားသည်။

လေယာဉ်စီးခရီးသည်များတွင် ခိုးယူထားသည့် နိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်သူနှစ်ဦး လိုက်ပါသွားခဲ့သည်ဟု အတည်ပြုချက်သတင်းများ ထွက်ပေါ်လာခဲ့သည်။ ဩစတြီးယားနှင့် အီတလီနိုင်ငံသားတို့၏ ခိုးယူခံရကာ ပျောက်ဆုံးသွားသော နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ပြီး လေယာဉ်ပေါ်လိုက်ပါသွားသူနှစ်ဦးမှာလည်း လေယာဉ်လက်မှတ်ကို တစ်ချိန်တည်း အတူတကွ ဝယ်ယူသွားခဲ့သည်ဟု သိရသည်။ "လေယာဉ်ပျောက်ဆုံးမှုနှင့် နိုင်ငံကူးလက်မှတ် ခိုးယူခံရမှုဟာ ဆက်စပ်မှုတော့သိပ်မရှိပါဘူး။ နိုင်ငံတကာရဲတပ်ဖွဲ့ရဲ့မှတ်တမ်းတွေအရဆို ရင် ဘယ်လိုခရီးသည်ပဲဖြစ်ဖြစ် နိုင်ငံကူးလက်မှတ်အတုနဲ့ နိုင်ငံတကာ လေကြောင်းလိုင်းတွေကို လိုက်ပါစီးနင်းနိုင်တာတွေ့နေရပါတယ်" ဟု နိုင်ငံတကာရဲတပ်ဖွဲ့ အတွင်းရေးမှူးချုပ် ရိုနယ်ကေနိုဘယ်က ပြောကြားသည်။

နိုင်ငံကူးလက်မှတ်အတု ကိုင်ဆောင်သူများ လေယာဉ်ပေါ်ပါသွားသည့်အတွက် လေယာဉ်အပိုင်စီး အကြမ်းဖက်မှုဖြစ်ဖွယ်ရှိသည်ဟု တွေးဆပြီး စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာခဲ့သော်လည်း တာဝန်ရှိသူများကမူ သဲလွန်စ တစ်စုံတစ်ရာမရရှိသေးသည့်အတွက် ယင်းသို့ ယူဆရန်စောလွန်းသည်ဟု သတိပေးခဲ့သည်။ "ကျွန်တော်တို့ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ ရှာဖွေမှုတွေလုပ်နေပါတယ်။ ပင်လယ်ပြင်မှာလည်း တစ်လက်မမကျန် ပိုက်စိပ်တိုက်ရှာဖွေနေပါတယ်" ဟု ရာမန်ကပြောကြားသည်။

လေယာဉ်ပေါ်တွင် တရုတ်နိုင်ငံသား ၁၅၄ ဦး၊ မလေးရှားနိုင်ငံသား ၃၈ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၂ ဦး၊ ဩစတြေးလျနိုင်ငံသား ခုနစ်ဦး၊ ပြင်သစ်နိုင်ငံသား သုံးဦး၊ အမေရိကန်နိုင်ငံသား လေးဦး၊ နယူးဇီလန်နိုင်ငံသားနှစ်ဦး၊ ယူကရိန်းနိုင်ငံသား နှစ်ဦး၊ ကနေဒါနိုင်ငံသား နှစ်ဦး၊ ရုရှားနိုင်ငံသား နှစ်ဦး၊ အီတလီနိုင်ငံသား တစ်ဦး၊ နယ်သာလန်နိုင်ငံသား တစ်ဦးနှင့် ဩစတြီးယားနိုင်ငံသားတစ်ဦးတို့ လိုက်ပါသွားခဲ့သည်ဟု သိရသည်။

ပျောက်ဆုံးနေဆဲ လေယာဉ်ပေါ် ပါသွားသည့် ခရီးသည်များ၏ မိသားစုများ၊ ဆွေမျိုးများမှာ ပြင်းထန်စွာပိုကြွေးစောင့်မျှော်နေရုံမှ တစ်ပါး. . . . ။

စီအင်န်အင်န်။

(၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။

☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး။

✻ ကျောဖုံးမှ

ထို့ကြောင့် ယခုနှစ်တွင်အိမ်မှာပင် တစ်နှစ်ပတ်လုံးအနီးကပ် သင်ယူစေပြီး ကြိုတင်ပြင်ဆင်ပေးထားသော်လည်း တကယ့်ပွဲနားနီးချိန်တွင်မူ နှလုံးတုန်ရင်ခုန်ဖြစ်နေရဆဲ။

တိုးတက်လာသည့် ပညာခေတ်တွင် ရင်သွေးငယ်တွေ ပညာတတ်မှ ဖြစ်မည်ဟု အခြားမိဘများနည်းတူ သူမှတ်ယူထားသည်။ ထို့ကြောင့် ရိုးရာအစွဲအလမ်းတစ်ခုလိုဖြစ်နေသည့် အဓိဋ္ဌာန်ဝင်ခြင်း၊ ယတြာချေခြင်းများကိုလည်း မပျက်မကွက် ဆောင်ရွက်နေဆဲ။ ယခုပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ထောင်ပေါင်းများစွာသော ကျောင်းသားကျောင်းသူများတွင် မဇာခြည်တစ်ယောက်လည်း အပါအဝင်ပင်ဖြစ်သည်။

စာမေးပွဲဖြေဆိုမည့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှ ကျောင်းသားမောင်ဇော်ထက်က "တစ်နေ့စာကျက်ချိန်ကို အချိန်ဇယားဆွဲပြီး နေ့စဉ်စာကျက်တယ်။ တစ်နေ့ကို တစ်နာရီ၊ နှစ်နာရီ ပုံမှန်ကျက်ဖြစ်ပါတယ်။ ဘာသာရပ်အလိုက် နှစ်နာရီအတွင်း ပြီးနိုင်မယ့် စာပိုဒ်တွေကိုခွဲပြီး ကျက်တယ်။ ကိုယ့်ဉာဏ်နဲ့မီနိုင်တဲ့ အပိုင်းအခြားအတိုင်း ကျက်ပါတယ်။ မိဘတွေရဲ့ ပံ့ပိုးမှုကလည်း အစိတ်အပိုင်းတစ်ခုပေါ့။ ကိုယ့်ရဲ့ကြိုးစားမှုလည်း လိုပါတယ်။ လောလောဆယ်တော့ စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ချင်တယ်။ ဒါပေမယ့် စာမေးပွဲနီးမှ အရမ်းကြီးတော့ မကျက်ပါဘူး။ ကျန်းမာရေးအတွက်ပါ စဉ်းစားပြီး နေ့စဉ် ပုံမှန်စာကျက်ခဲ့ပါတယ်"ဟု ဆိုသည်။

"လွန်ခဲ့တဲ့သုံးနှစ်က ဆယ်တန်းစာမေးပွဲအောင်စာရင်းထွက်တော့ ကျွန်တော် တော်တော်ပေါက်ကွဲသွားတယ်။ သားက တောက်လျှောက်စာတော်ပေမယ့် အောင်စာရင်းထွက်လာတော့ ဂုဏ်ထူးတစ်ခုမှမပါဘူး။ အတော်မျှော်လင့်ထားတော့ ပေါက်ကွဲတာပေါ့။ ဒါပေမယ့် အခုနည်းပညာတက္ကသိုလ် အမှတ်မီတော့ ဖြေသာသွားတယ်" ဟု သုဝဏ္ဏ ကောက်လျှင်လမ်းနေ ကိုမိုးကျော်က ဆိုသည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်မှ ကျောင်းသူတစ်ဦး၏ ကျောင်းသားမိဘတစ်ဦးဖြစ်သည့် မကြည်ကြည်မော်က "ကလေးတွေအတွက် အကောင်းဆုံးဆောင်ရွက်ပေးချင်ပါတယ်။ ဒါပေမယ့် လူနေမှုအဆင့်အတန်းနဲ့ ဝင်ငွေအနေအထားအပေါ်မူတည်ပြီး ဆောင်ရွက်ပေးပါတယ်။ အဓိကကတော့ စာမေးပွဲဖြေဆိုနေဆဲကာလမှာ ကျန်းမာရေးကို ပိုအာရုံစိုက်ပြီး ဆောင်ရွက်ပေးပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် ကျောင်းသား ကျောင်းသူတို့အတွက် ဘဝ၏ တစ်ဆစ်ချိုးအပြောင်းအလဲဖြစ်ရာ အသက်တမျှအရေးပါလှသဖြင့် အာဟာရမျှတအောင် စားသင့်သလို အိပ်ရေးဝအောင် အိပ်သင့်သည်။ ရာသီဥတုပူသည့်အတွက် နေပူထဲထွက်ခြင်း၊ ပူသဖြင့် အအေးခံခြင်းတို့သည် ကျန်းမာရေးထိခိုက်စေသည့် အပြုအမူများပင်ဖြစ်ပြီး မအိပ်စေရန် သဘာဝမကျသည့် နည်းလမ်းမသုံးရန်မှာလည်း အရေးအကြီးဆုံးပင် ဖြစ်ကြောင်း အထွေထွေ ရောဂါကုဆရာဝန် ဒေါက်တာခိုင်စိုးဝင်းက ပြောသည်။

"တချို့မိဘတွေက သားသမီးအပေါ် ဖြစ်ချင်စိတ်လောဘများပြီး စာမေးပွဲအောင်ဖို့ မအိပ်မနေ စာကြိုးစားခိုင်းကြတာတွေ ရှိပါတယ်။ အချို့ကလေးတွေကလည်း ရှေ့ပိုင်းမှာ မကြိုးစားခဲ့သမျှ စာမေးပွဲနီးမှ မအိပ်မနေလုပ်တော့တာပဲ။ အခုအချိန်က စာကို အလွတ်ကျက်တာထက် ရပြီးသားတွေကို နွှေးတာပဲကောင်းပါတယ်။ ရေများများသောက်၊ ဝမ်းနူးတတ်တဲ့ အပြင်အစားအစာတွေကို ရှောင်သင့်ပါတယ်"ဟု ဆက်လက်ပြောပြခဲ့သည်။

၂၀၁၄ ခုနှစ် မတ် ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းသား ကျောင်းသူပေါင်း ၅၈၈၅၁၇ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စာစစ်ဌာနပေါင်း ၁၂၈၇ ခု ဖွင့်လှစ်ထားကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကာလနှင့် စာမေးပွဲမတိုင်မီ ရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကေတီဗွီ နှင့် စားသောက်ဆိုင်များ၊ ရပ်ကွက်အတွင်း ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးနိုင်သည့် အသံဆူညံမှုများ၊ အသံချဲ့စက်သုံးစွဲမှုများကို သတ်မှတ်ချိန်ထက် ကျော်လွန်သုံးစွဲခွင့်မပြုကြောင်းနှင့် လုံခြုံရေးဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က တာဝန်ရှိသူများ၏ ပြောကြားချက်များကို မီဒီယာအချို့တွင် ဖော်ပြထားသည်။

စာမေးပွဲဖြေဆိုမည့် ကာလအတွင်း ကျောင်းသားကျောင်းသူများ စာကျက်မှတ်မှု အဆင်ပြေစေရန်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုကို ၂၄ နာရီမပြတ်တောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားပေးထားသော မြို့များတွင်လည်း ညအချိန်တိုး၍ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်စာမေးပွဲမှာ နတ်ကြီးလှသည်။ အစွမ်းကုန်ကြိုးစားထားသော်လည်း တစ်ခါတစ်ရံ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်တတ်သည်။ မည်သို့ဆိုစေ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်နိုင်ရေး၊ ကျောင်းသားလူငယ်တို့၏ ဘဝနောင်ရေးအတွက် ပွဲမဝင်ခင် ကြိုတင်ပြင်ဆင်ထားပါမှ တန်ကာကျမည်ဖြစ်ကြောင်း ဆိုပါရစေ။ ။

■

မြည်တွင်းရေးရာ

ကျောင်းသား ကျောင်းသူများအား စေတနာအပြည့်ထားပြီး အရည်အချင်းရှိသောသူများဖြစ်အောင် လေ့ကျင့်သင်ကြားပေး

နေပြည်တော် မတ် ၁၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် မတ် ၈ ရက်တွင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားမှု၊ သင်ယူမှုစနစ်များတွင် သတင်းအချက်အလက်နှင့် နည်းပညာရပ်များကို ထဲထဲဝင်ဝင်အသုံးပြုကြရန်၊ ဌာနအလိုက်၊ ကျောင်းအလိုက်စီမံချက်(Plan) များထားရှိပြီး ထိုစီမံချက်များအတိုင်း လုပ်ဆောင်သွားကြရန်၊ နိုင်ငံတော်၏မူဝါဒများနှင့်အညီ ဝန်ကြီးဌာန၏ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ကျောင်းများတွင် ကဏ္ဍအလိုက် ကော်မတီများဖွဲ့၍ လုပ်ဆောင်သွားကြရန်နှင့် ဝန်ထမ်းများအားလုံး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်သွားကြရန်၊ လက်တွေ့သင်ကြားမှုများအား ပိုမိုထိရောက်စွာ သင်ကြားပေးကြရန်နှင့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရန်၊ သင်ရိုးညွှန်းတမ်းများကို ပြည့်စုံစွာရေးဆွဲပြီး ထိုသင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အခမဲ့ စစ်ဆေးခွဲစိတ်ပေးပြီ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီးသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ဝိတိုရိယဆေးရုံ (Victoria Hospital)နှင့် အမေရိကန်နိုင်ငံ "Alliance for Smiles" Organization တို့ ပူးပေါင်း၍ အခမဲ့စစ်ဆေးခွဲစိတ်ကုသပေးသည့် အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝိတိုရိယဆေးရုံ၌ စတင်ပြုလုပ်သည်။

ယင်းသို့ ခွဲစိတ်ရာတွင် နှုတ်ခမ်းကွဲလူနာကို အသက်ရက်သတ္တ ၁၀ ပတ် အနည်းဆုံးနှင့် အာခေါင်ကွဲလူနာကို အသက်တစ်နှစ်အနည်းဆုံး သတ်မှတ်ထားပြီး အများဆုံးအသက် (၁၂)နှစ်အထိ ခွဲစိတ်ပေးမည်ဖြစ်ကာ အသက်ငယ်ရွယ်သူများကို ဦးစားပေး၍ ခွဲစိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လောလောဆယ် ခွဲစိတ်ရန်စာရင်းပေးသွင်းထားသူလူနာ ၁၂၆ ယောက်အနက် စစ်ဆေးမှုအောင်မြင်၍ ခွဲစိတ်မှုအဆင်ပြေမည့်လူနာ ၈၀ မှ ၁၀၀ ကြားကို တစ်ရက်လျှင် ၁၀ ယောက်နှုန်းဖြင့် လူနာမကုန်မချင်း ခွဲစိတ်ပေးသွားမည်ဖြစ်သည်။

"ဝိတိုရိယဆေးရုံအနေနဲ့ ပရဟိတလုပ်ငန်းတွေကို လုပ်ပေးချင်တဲ့အတွက် ဆေးရုံရဲ့ ရင်းနှီးမြှုပ်နှံသူတွေ၊ အုပ်ချုပ်ရေးအဖွဲ့တွေရဲ့ စေတနာကြောင့် ဒီလိုစီစဉ်ဖြစ်ခဲ့တာပါ။ အမေရိကန်က "Alliance for Smiles" အဖွဲ့နဲ့ အခုခွဲစိတ်တဲ့အစီအစဉ် အဆင်ပြေသွားရင် နောင်မှာလည်း ပုံမှန်ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် ဆရာဝန်ကြီးတွေနဲ့ နယ်လှည့်ပြီးတော့လည်း အခမဲ့ကုသပေးတဲ့အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ"ဟု ဝိတိုရိယဆေးရုံ နိုင်ငံတကာဆက်သွယ်ရေးဌာနနဲ့ Public Relation(PR)ဌာနကို တာဝန်ယူထားသူ ဒေါက်တာခိုင်သဥ္ဇာမော်က ရှင်းပြသည်။

နယ်မှလာသော ခွဲစိတ်ခံလူနာများအား ခွဲစိတ်ကုသမှုခံယူစဉ်ရက်များအတွင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ ပေါက်စေတီဘုန်းကြီးကျောင်းတွင် တည်းခိုရန် စီစဉ်ထားရှိပြီး လူနာနှင့်လူနာရှင်တစ်ဦးအတွက် (နံနက်စာ၊ နေ့လယ်စာ၊ ညစာ)များကို ဝိတိုရိယဆေးရုံမှ စီစဉ်ပေးထားကြောင်း သိရသည်။

ခွဲစိတ်ခံလူနာ ၁၀၀ အတွက် ခွဲစိတ်ကုသမှုခံယူနေစဉ်ရက်များအတွင်း (နံနက်စာ၊ နေ့လယ်စာ၊ ညစာ)များကို ဆေးရုံဝင်းအတွင်းရှိ Feel စားသောက်ဆိုင်က လှူဒါန်းထားပြီး ခွဲစိတ်မှုကို မတ် ၁၁ ရက်မှ ၂၀ ရက်ထိ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း၊ ဓာတ်ပုံ-ဆွေဆွေနိုင်(သတင်းစဉ်)

ရာဇာလင်းမိသားစု ဆေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်

ရန်ကုန် မတ် ၁၀

ပညာဒါနအလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် (ရာဇာလင်းမိသားစု)သည် ဆေးတက္ကသိုလ် တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ရွေးချယ်ပြီး နှစ်စဉ်ပညာသင်ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်လည်း ဆေးတက္ကသိုလ်တက်ခွင့်ရ ကျောင်းသား ကျောင်းသူ ရှစ်ဦး ရွေးချယ်၍ "ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆု" ချီးမြှင့်လိုက်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုရရှိကြသူများမှာ မချိုဇင်သန့်(ရေတာရှည်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မမေမိုးမြင့်သူ (ဟင်္သာတ) ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်ရာဇာကိုကို(ရန်ကင်း) ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မဆုထက်ထက်အောင်(မြောင်) ဆေးတက္ကသိုလ်-မန္တလေး၊ မဇင်ဝေနှင်း(မုံရွာ) ဆေးတက္ကသိုလ်-မကွေး၊ မအိအိမွန်(ရွှေဘို)ဆေးတက္ကသိုလ်-မကွေး၊ မောင်ရန်ကျော်ထွန်း(မြို့သစ်) ဆေးတက္ကသိုလ်-မကွေးနှင့် မောင်ကျော်မြင့်ထွန်း(စစ်တွေ) ဆေးတက္ကသိုလ်(၂)ရန်ကုန်တို့ဖြစ်ကြသည်။

အဆိုပါ ပညာသင်ဆုရရှိသူများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပထမနှစ်မှစ၍ ဆေးပညာဘွဲ့ရရှိသည်အထိ ရာဇာလင်းမိသားစု စည်းကမ်းချက်များနှင့်အညီ ပညာသင်ဆုကြေးများကို လစဉ်ထောက်ပံ့သွားမည်ဖြစ်သည်။ ပညာသင်ဆုရရှိသူများသည် ဆေးတက္ကသိုလ်အသီးသီးတွင် မိမိတို့ပထမနှစ်သင်တန်း စတင်တက်ရောက်နေကြောင်း အထောက်အထား စာရွက်စာတမ်းများကိုလည်းကောင်း၊ ယခင်ပညာသင်နှစ်များတွင် ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆု ရရှိခဲ့ကြပြီး သက်ဆိုင်ရာ ဆေးတက္ကသိုလ်အသီးသီးတွင် ဆေးပညာဆက်လက်သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ သက်ဆိုင်ရာ အတန်းအသီးသီး အောင်မြင်ကြောင်း ထောက်ခံချက် စာရွက်စာတမ်းများကို လည်းကောင်း အမှတ် (၅၀) ကန်ရိပ်သာ(၃)လမ်း Finger Lake,F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ အချိန်မီပေးပို့၍ ပညာသင်ဆုချီးမြှင့်ငွေများ ထုတ်ယူနိုင်ကြပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နည်းပညာသတင်း

ALEZ

Oppo အမှတ်တံဆိပ် စမတ်ဖုန်းအသစ်တစ်မျိုး ပေါ်ထွက်လာ

တရုတ်နိုင်ငံအခြေစိုက် Oppo အမှတ်တံဆိပ် မိုဘိုင်းအီလက်ထရွန်နစ်လုပ်ငန်းမှ ဖန်တီးထားသည့် စမတ်ဖုန်းတစ်မျိုးကို နည်းပညာစာမျက်နှာများတွင် မိတ်ဆက်ပေးမှုများ တွေ့ရှိရသည်။ အဆိုပါစမတ်ဖုန်းတွင် ဒီဇိုင်းပိုင်းဆိုင်ရာ ထူးခြားကောင်းမွန်မှုရှိပြီး Red Dot Design Award စာမျက်နှာတွင် ဖော်ပြထားခြင်းခံရသည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး ထိတွေ့မျက်နှာပြင်အရည်အသွေး အထူးကောင်းမွန်မည်ဟု သိရသည်။ ကင်မရာအရည်အသွေး 13 Megapixel အထိရှိပြီး အတွင်းပိုင်းတွင် 800 Quad-Core Processor ထည့်သွင်းတပ်ဆင်ထားသည်ဟု သိရသည်။ အဆိုပါစမတ်ဖုန်းတွင် 4G LTE စနစ်ထည့်သွင်းပေးထားပြီး ကင်မရာအာရုံခံစနစ်လည်း အထူးကောင်းမွန်မည်ဟု နည်းပညာစာမျက်နှာများတွင် ဖော်ပြထားသည်။ အဆိုပါ Oppo အမှတ်တံဆိပ် လုပ်ငန်းမှ ယခင်ထုတ်လုပ်ဖြန့်ချိထားသည့် စမတ်ဖုန်းများထက် ယခုမိတ်ဆက်ပြသလိုက်သော စမတ်ဖုန်းမှာ ပိုမိုကောင်းမွန်လာပြီး ဒီဇိုင်းအရည်အသွေးပိုင်း ပိုမိုကောင်းမွန်လာမည်ဟု သိရသည်။ အဆိုပါစမတ်ဖုန်းအတွက် ဈေးနှုန်းသတ်မှတ်ချက် ဖော်ပြထားခြင်းမျိုးကို မတွေ့ရှိရသေးကြောင်း သိရသည်။

အင်းဝသို့ နိုင်ငံခြားသားများ ဝင်ရောက်မှုများပြား မြင်းလှည်းမောင်းသူများ အဆင်ပြေ၍ ဝင်ငွေတိုး

မန္တလေး မတ် ၁၀

မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို တစ်နေ့ထက်တစ်နေ့ ကမ္ဘာကသိရှိလာသည်နှင့်အမျှ ၎င်းလက်ရာမွန်များကို လေ့လာရန်အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၏ တောင်ဘက် နှစ်မိုင်လေးဖာလုံ၊ မန္တလေးမြို့၏ အနောက်တောင်ဘက် မိုင်၂၀ ခန့် အကွာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်)တို့ဆုံရာတွင် တည်ရှိသော အင်းဝမြို့ဟောင်းဒေသသို့ နိုင်ငံခြားသား ခရီးသွားများ လာရောက်မှုများပြား၍ မြင်းလှည်းမောင်းသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အင်းဝဒေသသို့ ယခုရက်ပိုင်း နိုင်ငံခြားသားတွေ လာရောက်လေ့လာတာ တော်တော်များတယ်။ မန္တလေးမြို့၊ စစ်ကိုင်းမြို့ဘက်ကနေ တစ်ဆင့် ကားကြီးတွေနဲ့ အဖွဲ့လိုက်လာကြတာများတယ်။ ဒီရောက်တော့ မြင်းလှည်းတွေစီးပြီး လှည့်လည်လေ့လာကြတယ်။ မယ်နုအုတ်ကျောင်း၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ လေးထပ်ကြီးဘုရား၊ လောကမာရ်အောင်စေတီတော်နှင့် အခြားရှေးဟောင်း အဆောက်အအုံများကို ပို့ဆောင်ပေးရပါတယ်။ မြင်းလှည်းတစ်စီးကို နိုင်ငံခြားသားနှစ်ဦးစီးပြီး လှည်းတစ်စီးကို ၆၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်ထိ ရပါတယ်။ ပို့ပေးရတဲ့နေရာများရင် ပို၍ရပြီး အင်းဝဒေသမှာ မြင်းလှည်းအစီးရေ ၁၅၀ ကျော်ရှိကာ အလှည့်ကျစနစ်ဖြင့် လိုက်ရပါတယ်။ ယခုရက်ပိုင်းတွင် ဧည့်အဝင်များတဲ့အတွက် အဆင်ပြေပါတယ်"ဟု ဆင်ကျုံးကျေးရွာနေ မြင်းလှည်းဆရာ ကိုမောင်လှက ပြောပြသည်။

အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျားက စတင်တည်ထောင်ခဲ့ပြီး ရှေးဘုရင်မင်းဆက် ၃၁ ဆက် ထီးနန်းစိုးစံခဲ့ကြသည်။ ခေတ်အဆက်ဆက် ရှစ်ကြိမ် နန်းတည်ခဲ့ပြီး ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ နန်းတော်ဆောင်၊ မြို့ရိုးနှင့် ပြာသာဒ်တို့၏ ဗိသုကာတည်ဆောက်ပုံနှင့် အမွမ်းပန်းလက်ရာများ တွေ့ရှိနိုင်သည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသော ဘုရားခုနစ်ဆူနှင့် ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူ၊ ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၆၂၄ ခု ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

သန်းဇော်မင်း(မြန်/ဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ မန္တလေး၊ ရန်ကုန်ရှိ မြတ်စွယ်တော်သို့ ဘုရားကျောင်းဆောင် လှူဒါန်း

မူဆယ်   မတ်   ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ မတ် ၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းကျောင်းတိုက်ဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) Most Ven.Shi Chang Zang အား အမှူးထား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာဝင်များက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်နှင့် မန္တလေးမြို့ မဟာမြတ်မုနိဘုရားတို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်နှစ်ဆူကို ပိုမိုကြည်ညိုသပ္ပာယ်ရန်အတွက် သစ်သားဖြင့်ထုလုပ်၍ ရွှေချထားသော ဗုဒ္ဓစွယ်တော်ကျောင်းဆောင်နှစ်ဆူအား လှူဒါန်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်မြို့တွင် လွှဲပြောင်းပေးခဲ့ရာ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန မူဆယ်ခရိုင်သာသနာရေးမှူး ဦးနိုင်မောင်မောင်စိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးတို့က လက်ခံရယူပြီး မန္တလေးနှင့် ရန်ကုန်မြို့များသို့ ကုန်းလမ်းခရီးဖြင့် ဆက်လက်ပင့်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ဘီးလင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်အပိုင် ကဒီပုကျေးရွာရှိ အိမ်ခြေ ၁၀၀ အား ဆိုလာစွမ်းအင်စနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဘုန်းဝေတိုးကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ကျေးလက်ဦးစီး)

မအူပင်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သည့် မအူပင်မြို့နယ် လက်ပံကုန်း-အဒိတ်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို သန်းဟိန်းကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်ပြည့်မီစေရေးကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ခိုင်(ပြန်/ဆက်)

ပြည်

ပြည်မြို့နယ်အတွင်းရှိ ကုန်စည်စီးဆင်းမှုလွယ်ကူစေရန်နှင့် ရာသီမရွေး သွားလာမှုလွယ်ကူစေရန်အတွက် ကျေးလက်ဒေသများတွင် လိုအပ်လျက်ရှိသော လမ်းများ၊ တံတားများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်မြို့နယ် ရွာသစ်ကောက်ပုံကွင်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ၃၆ သိန်းဖြင့် ဖူးဝေဟိန်းကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်လှသည် မတ် ၈ ရက်က သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ တံတားကြီးတည်ဆောက်ပြီးစီးသွားပါက ရွာသစ်နှင့် ကောက်ပုံကွင်းကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ အချိန်တိုအတွင်း ပို့ဆောင်ရောင်းချပေးနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ကျေးလက်ဦးစီး)

စဉ့်ကူးမြို့နယ် ရွှေပြည်-တောင်အင်း-ထုံးကြီး ကျေးလက်လမ်းမကြီး ဖောက်လုပ်လျက်ရှိ

စဉ့်ကူး   မတ်   ၁၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရေးတို့အတွက် မြစ်ရေဝင်ကျွန်းပိုင်းကျေးရွာများနှင့် ကားလမ်းကုန်းပိုင်းကျေးရွာများကို ဆက်သွယ်ပေါင်းစည်းပေးမည့် ၃ ဒသမ ၅ မိုင်ရှိ ရွှေပြည်-တောင်အင်း-ထုံးကြီးကျေးလက်လမ်းမကြီးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ရွှေပြည်-တောင်အင်း-ထုံးကြီးကျေးလက်လမ်းမကြီးကို ၄၅ ပေ×၁၄ပေ×၁၂ ပေ သစ်သားတံတား ရှစ်စင်း၊ ပေ၉၀×၁၄ပေ×၁၂ပေ သစ်သားတံတား တစ်စင်း၊ ပေ၁၈၀×၁၄ပေ×၁၂ပေ သစ်သားတံတား တစ်စင်းနှင့် မူလသစ်သားတံတား နှစ်စင်း(ထပ်မံပြုပြင်) စုစုပေါင်း သစ်သားတံတား ၁၂ စင်းနှင့် မြေသားလမ်း ၁၈ပေ×၄ပေနှင့် ကျောက်ချောလမ်း ၁၂ပေ×၈ပေတို့ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက သွားလာမှုခက်ခဲသော ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီး မြစ်ရေဝင်ကျွန်းပိုင်းကျေးရွာ ၅၀ တို့မှ ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တစ်ရွာမှတစ်ရွာသို့ လည်းကောင်း၊ ရွှေဘို-မန္တလေး-မိုးကုတ်မြို့ကြီးများသို့လည်းကောင်း အဆိုပါလမ်းမကြီးမှ ခရီးကြန့်ကြာမှုမရှိစေတော့ဘဲ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် အချိန်မရွေး၊ ရာသီမရွေးသွားလာနိုင်ကြတော့မည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့်လည်း ဝမ်းမြောက်ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်(စဉ့်ကူး)

အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးဆုံးဖြတ်ချက် ထပ်ဆင့်ရှင်း

လှိုင်ကော်   မတ်   ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးမှချမှတ်သော ဆုံးဖြတ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၉ ရက် နံနက် ၉ နာရီကကျင်းပရာ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်ရွှေက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးနိုင်က ၂၀၁၃ ခုနှစ်အတွင်း ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်မြတ်လေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေးမှချမှတ်သော ဆုံးဖြတ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ လှိုင်ကော်ခရိုင် ဘောလခဲခရိုင်နှင့် မြို့နယ်များက ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသိန်းက အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့သည့် ပညာသင်စရိတ်အား လှိုင်ကော်တက္ကသိုလ်မှ ဒုတိယနှစ် ကျောင်းသူ ရူပဗေဒအထူးပြုဘာသာရပ်ဖြင့် ပညာသင်ကြားနေသည့် မငါးမြာသို့ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်မြို့နယ်အလိုက် လှုပ်ရှားမှုအကောင်းဆုံးဆုရ ဘောလခဲမြို့နယ်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(ထိပ်တင်သီဟ)





အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်း၊ အထက(၁)၊ အဌမတန်း(B)တွင် ပညာသင်ကြားနေသော အဖ ဦးဇော်မင်းမောင်၏သမီး မစုမြတ်နိုင်အား မဆောင်းနဒီလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆောင်းနဒီလှိုင်





စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ် အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက် နံနက် ၁၁ နာရီက တာချီလိတ်မြို့ ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်မှ တာချီလိတ်သို့ မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်ခွဲ လုံဆိုင်အုပ်စု ကျအူဖုရားကျေးရွာနေ ကျဘိုရှဲ(၃၉)နှစ် မောင်းနှင်လာသည့် YGN 3G/.......VIGO ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ၎င်း၏ဘောင်းဘီအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား (တန်ဖိုးငွေကျပ် ၃၃၇၅၀၀)၊ H-365037 နံပါတ်ပါ Pictro-BERETTA-9MM ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်ကတ်တစ်ခုနှင့် Luger RAI-10 ကျည် ၄၂ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျဘိုရှဲအား တာချီလိတ်မြို့မ ရဲစခန်းက မယ(ပ)၃၈/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂ (ခ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်း မီးပွိုင့်၌ မတ် ၇ ရက် ည ၁၁ နာရီခန့်က ကိုယ်ပိုင်ယာဉ်နှစ်စီး မီးပွိုင့်အား ဖြတ်သန်းမောင်းနှင်ရာမှ ယာဉ်မတော်တဆဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။ ဇော်ကြီး(ပဏ္ဍိတ)

ရော်ဘာပင်အို ဝင်ရောက်ခုတ်လှဲသူများအား အရေးယူမှု သထုံမြို့နယ် အနန်းပင်ရွာ၌ဖြစ်ပွား

သထုံ မတ် ၁၀

မွန်ပြည်နယ် သထုံမြို့နယ် အနန်းပင်ကျေးရွာအုပ်စုရှိ စက်မှုဝန်ကြီးဌာနပိုင် အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန ညောင်ချောင်းရော်ဘာနှင့် သီဟိုဠ်ခြံကွင်းအမှတ် ၉၈၀(ဂ)၊ အကွက်အမှတ် (၈) နှင့် ကွင်းအမှတ် ၉၈၀(က)၊ အကွက်အမှတ်(၉)တို့သို့ဝင်ရောက်ကာ ရော်ဘာပင်အိုများ ဝင်ရောက်ခုတ်လှဲခဲ့သူများကို မတ် ၇ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ယင်းနေ့ ည ၃ နာရီ ၁၀ မိနစ်က သတင်းအရ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်တို့သည် ကွင်းအမှတ် ၉၈၀(ဂ)၊ အကွက်အမှတ် (၈) သို့ ဝင်ရောက်စစ်ဆေးရာ ညောင်ချောင်းကျေးရွာနေ ဖိုးသောကြာ၊ စောဆဝ်၊ ဦးတုတ်ပေါ်၊ ဦးပလိုကိုးတို့ လေးဦးမှာ ၂၉ နှစ်သက်တမ်းရှိ ရော်ဘာပင်အို ၅၀ ကို ခုတ်လှဲထားကြောင်းတွေ့ရှိရသဖြင့် ၎င်းတို့လေးဦးနှင့်အတူ ကိုင်းခုတ်ဓားမ တစ်လက်၊ ချိန်းဆောတစ်လက်၊ ထော်လာဂျီယာဉ်အမှတ် ၈၅/. . . . တစ်စီးနှင့် ထိုင်းနိုင်ငံလုပ် ဝေ့မ်ဆိုင်ကယ်တစ်စီးတို့ကိုလည်းကောင်း၊ ကွင်းအမှတ် ၉၈၀(က)၊ အကွက်အမှတ် ၉ သို့ ဝင်ရောက်စစ်ဆေးရာ ညောင်ချောင်းကျေးရွာနေ ဦးတမာလေး၊ စောဘိုအဲ၊ အနန်းပင်ရွာနေ စောညိုဦးနှင့် ဦးအုန်းမြင့်တို့သည် (၂၉) နှစ်သက်တမ်းရှိ ရော်ဘာပင်အို ၁၈ ပင်အား ခုတ်လှဲထားကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့နှင့်အတူ ကိုင်းခုတ်ဓားမ တစ်လက်၊ လက်ဆွဲငါးမန်းလွှ တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ ရှစ်ဦးအနက် ခုနစ်ဦးကို လက်ရဖမ်းမိပြီး အနန်းပင်ရွာနေ စောညိုဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ယင်းဖြစ်စဉ်အား ညောင်ချောင်း ရော်ဘာနှင့် သီဟိုဠ်ခြံမန်နေဂျာ ဦးမြင့်ဇော်က အမှုဖွင့်တိုင်ကြားရာ သထုံမြို့ သုဓမ္မဝတီရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ပပက ၆(၁)/၉ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လှိုင်မြို့နယ် ပိတောက်ချောင်းအတွင်း ပိတ်ဆို့အမှိုက်များ စုပေါင်းဆယ်ယူရှင်းလင်း

ရန်ကုန် မတ် ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် နယ်နိမိတ်အတွင်း ချောင်းမြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် ခရိုင်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးစစ်အောင်၏ကြီးကြပ်မှုဖြင့် မတ် ၈ ရက်က ခရိုင်အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်သားများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနလုပ်သားများ၊ လမ်းနှင့်တံတားဌာနလုပ်သားများ၊ စီမံရေးရာဌာနလုပ်သားများစုပေါင်း၍ လှိုင်မြို့နယ်အမှတ်(၅)ရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသော ပိတောက်ချောင်းအတွင်း ပိတ်ဆို့အမှိုက်၊ နုန်းများ ဆယ်ယူရှင်းလင်းနေကြောင်း မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောကြားသည်။

"လှိုင်မြို့နယ်မှာ မြစ်ထွက်ပေါက်ကို စီးဝင်တဲ့ချောင်းသုံးခုရှိပါတယ်။ ပထမချောင်းက ကမာရွတ်မြို့နယ်နဲ့ လှိုင်မြို့နယ်ကိုထိစပ်ပြီး လှိုင်မြစ်ထဲကိုစီးဝင်တဲ့ ကမာရွတ်ချောင်း၊ ဒုတိယချောင်းက မရမ်းကုန်းမြို့နယ်နဲ့ လှိုင်မြို့နယ်ကို ထိစပ်ပြီး လှိုင်မြစ်ထဲကိုစီးဝင်တဲ့ သမိုင်းချောင်း၊ တတိယချောင်းက လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ကို ဖြတ်သန်းပြီး လှိုင်မြစ်ထဲစီးဝင်တဲ့ ပိတောက်ချောင်းပေါ့"ဟု လမ်း၊ တံတားဌာန ဝန်ထမ်းတစ်ဦးက ဆိုသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အင်အား ၂၆ ဦး၊ လမ်းနှင့်တံတားဌာနမှ အင်အား၁၆ ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အင်အား၂၉ ဦး၊ စီမံရေးရာဌာနမှ အင်အား ၁၀ ဦး စုစုပေါင်း အင်အား ၈၁ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။ **(မောင်သုည)**

ကားအင်ဂျင်ဝိုင် ပိုက်ပေါက်ပြီး အိတ်ဇောပိုက်ပေါ်ကျရာက မီးလောင်

နေပြည်တော် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၈၂/၇) အနီးတွင် မတ် ၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ယာဉ်တစ်စီးမီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်း မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ ပြင်ဦးလွင်သို့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ (၁၈)ရပ်ကွက်နေ ဝင်းလှိုင်(၃၄)နှစ်မောင်းနှင်လာသော ၂ဂ/-- 4WD Tiger အနက်ရောင်ယာဉ်မှာ အင်ဂျင်စက်ဖုံးမှ မီးခိုးထွက်နေသဖြင့် လမ်းဘေးသို့ရပ်ပြီး အင်ဂျင်စက်ဖုံးအား ဖွင့်ကြည့်ရာမှ အင်ဂျင်ဝိုင်ပိုက်ပေါက်၍ အိပ်ဇောပိုက်ပေါ်သို့ကျကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်တစ်စီးလုံး မီးလောင်၍ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ဝင်းလှိုင်အား သာဂရ အမြန်လမ်း ရဲစခန်းက (ပ) ၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**





အက်ဖ်အေဖလား ဆီမီးဖိုင်နယ် ဝီဂန်နှင့် အာဆင်နယ်ထိပ်တိုက်တွေ့မည်

ချန်ပီယံရှစ်ကလပ် ဝီဂန်အသင်းသည် ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် မန်စီးတီးအသင်းအား အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်တွင် အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့ပြီးနောက် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဝီဂန်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မန်စီးတီးအသင်းနှင့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်ရရှိကာ အက်ဖ်အေဖလားချန်ပီယံဖြစ်ခဲ့ပြီး မတ် ၉ ရက်ညပိုင်းက မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟက်ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မည်သည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရသည်ဖြစ်စေ အခက်အခဲမရှိနိုင်ကြောင်းနှင့် လက်ရှိချန်ပီယံဘွဲ့ထူး ဂုဏ်ထူးကို ဆက်ခံနိုင်မည့် အနေအထားတွင်ရှိနေသေးကြောင်း ဝီဂန်အသင်း ခေါင်းဆောင် ဘွိုင်းစီက ပြောကြားခဲ့သည်။

ချာတန်အသင်းအား အနိုင်ရရှိခဲ့သည့် ရှက်ဖီးလ်အသင်းသည် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပရီမီယာလိဂ်ကလပ် ဟားစီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဟားစီးတီးအသင်းသည် ကွာတားဖိုင်နယ်တွင် ပရီမီယာလိဂ်ပြိုင်ဘက်ဖြစ်သော ဆန်းဒါးလန်းအသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ၁၉၃၀ ခုနှစ်မှ စတင်ကာ အက်ဖ်အေဖလားဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းကြောင့် မန်စီးတီးပရိသတ်အား နာဆရီတောင်းပန်

မန်စီးတီးအသင်းမှ ပြင်သစ်ကြယ်ပွင့်နာဆရီသည် အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် ဝီဂန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယင်းသို့သော ရှုံးနိမ့်မှုနှင့်ပတ်သက်၍ မန်စီးတီးပရိသတ်အား တောင်းပန်စကားပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် ဝီဂန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဂျော်မီဂိုမက်ဇ်နှင့် ဂျိမ်းစ်ပက်ချ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းက အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ချေပဂိုးတစ်ဂိုးသာလျှင် သွင်းယူနိုင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် မန်စီးတီးကစားသမားများ အကောင်းဆုံးပုံစံဖြင့် မကစားနိုင်ခဲ့ခြင်းကြောင့်သာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း မန်စီးတီးကစားသမား နာဆရီက ဝန်ခံပြောကြားခဲ့သည်။ သို့ရာတွင် ပရီမီယာလိဂ်ပြိုင်ပွဲတွင်မူ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် နည်းပြမော်ရင်ဟို၏ ချယ်လ်ဆီးအသင်းနှင့် ရမှတ်ကိုးမှတ် ကွာဟနေသော်လည်း ပရီမီယာလိဂ်ဖလားရရှိရေးအတွက် မျှော်လင့်ချက်ရှိ နေသေးကြောင်းလည်း ပြောကြားခဲ့သည်။

တစ်ကိုယ်တော်စက်ဘီးစီး၍ ခုခံအားကျဆင်းမှုရောဂါအကြောင်း နယ်လှည့်ဟောပြော

မကွေး မတ် ၁၀

HIVဝေဒနာရှင်တစ်ဦးမှ စက်ဘီးစီး၍ မြန်မာတစ်ပြည်လုံးသို့ ခုခံအားကျဆင်းမှုရောဂါအကြောင်း ရင်ဖွင့်ပြောကြားသော ကိုစရကို (၃၅)နှစ်၏ ဟောပြောဆွေးနွေးပွဲကို မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် ကရုဏာရှင်များ နာရေးကူညီမှုအသင်း(မကွေး)၌ မတ် ၈ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော် ဒီခုခံအားကျဆင်းမှုရောဂါ ကူးစက်ခံရတယ်ဆိုတာကို ၂၀-၁-၂၀၀၅ နေ့မှာ သိခဲ့ရပါတယ်။ ART ဆေးကို လူနာမှတ်ပုံတင်အမှတ် ၉၉/၃၃၉/၀၆ နဲ့ ၁၆-၁၁-၂၀၀၆ မှာ စတင်ရရှိသုံးစွဲခဲ့ပါတယ်။ ကျွန်တော့်လိုဘဝတူ ဝေဒနာရှင်တွေရဲ့ရိုးရှင်းတဲ့ဘဝနဲ့ သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ထားရှိရမယ့်စိတ်ဓာတ်နဲ့ နေထိုင်ပြုမူသင့်တာတွေ၊ ART ဆေးသုံးစွဲပုံတွေကို အကြံပြုအားပေးသွားမှာပါ။ နောက်ဝေဒနာရှင်တွေကို မိဘဆွေမျိုးသူငယ်ချင်းပတ်ဝန်းကျင်တွေက ထားရှိစေချင်တဲ့ စိတ်ဓာတ်၊ အပြုအမူများကိုလည်း ဆွေးနွေးအကြံပြုသွားပါ့မယ်။ ကျွန်တော့်လို ဝေဒနာမျိုးမကူးစက်အောင် ဒီရောဂါအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်အောင် ရောက်တဲ့မြို့/ရွာ နေရာတိုင်းမှာ စကားဝိုင်း(သို့မဟုတ်)ဆွေးနွေးဟောပြောပွဲတွေကို ပြုလုပ်ပြီး ဖြန့်ဝေပေးသွားဖို့ ရည်ရွယ်ချက်နဲ့ ဒီခရီးစဉ်ကို ဆွဲခဲ့တာပါ" ဟု ကိုစရကိုက ပြောကြားခဲ့ကြောင်း သိရသည်။

သူရထွန်း(မကွေး)

အားကစားမြင့်တင်စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

သိမ်ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ အသောကသီတဂူ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဒီဃနိကာယကောဝိဒ)နှင့် ဒုတိယနာယက ဆရာတော် အရှင်သိရီဒတ္တာလင်္ကာရ (ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ)တို့အား အမှူးထား၍ မတည်အလှူရှင် ဒေါ်ကြည်အေးမိသားစုနှင့် အလှူရှင်များစုပေါင်း၍ ဆောက်လုပ်လှူဒါန်းထားသည့် သာသနအာယုပါလ တာဝတိံသာ လေးထပ်သိမ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို (၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်) ၁၆-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆင်ယင်ကျင်းပလှူဒါန်းပူဇော်မည်ဖြစ်ပါ၍ အထက်ပါ ကျောင်းတိုက်သို့ အလှူရှင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သိမ်ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၁-၃-၂၀၁၄ ရက်မှ ၁၃-၃-၂၀၁၄ ရက်နေ့ထိ နေ့စဉ် ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၃-၂၀၁၄ ရက်နေ့ ၁၄း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၃၆ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်





68 Residence
We Define Lifestyle
Serviced Residence
Infinity Sky Swimming Pool & Garden
Dual Key system Unit များ
Low E-Glass System
Duplex System
Main Door နှင့် Finger Print Access System
Condominium နှင့် Serviced Residence
24/7
Car Parking များ
International
LED Screen
Magic Glass များ
Developed by
United
Partners
KBZ Bank
ZONE
Somerset Serviced Residence
Soilbuild
OrangeTee
777 Lux Group Co., Ltd.
Showroom (Coming in June): 44A, Sayar San Road, Bahan Township, Yangon, Myanmar.
Ph: 09 4202 88025, 09 4253 10993, 09 730 40513

မြဝတီတွင် လယ်မြေနှင့် သီးနှံပင်များ လျော်ကြေးငွေ ပေးအပ်

ကော့ကရိတ်၊ မတ် ၁၀

ကရင်ပြည်နယ် မြဝတီ-သက်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီး ဖောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်မြေ ၅၆ ဒသမ ၆ ဧက၊ ဥယျာဉ်မြေ ၅ ဒသမ ၂၈ ဧကနှင့် သီးနှံပင်များအား လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၅ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့၊ ဘုရင့်နောင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ကရင်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးမန်းလှမြိုင်တို့က အမှာစကားပြောကြားပြီး လယ်၊ ဥယျာဉ်ခြံမြေနှင့် စားသုံးသီးနှံပင်များအတွက် နိုင်ငံတော်မှ ငွေကျပ် ၁၄၁၇ ဒသမ ၈ သိန်းနှင့် ထိုင်းနိုင်ငံ Sea Sang ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၃၅၈ ဒသမ ၁ သိန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၁၇၇၅ ဒသမ ၉ သိန်းကို နစ်နာသူ တောင်သူလယ်သမားတိုင်းရင်းသား ၈၈ ဦးတို့ကို အသီးသီး ခွဲဝေပေးအပ်ခဲ့သည်။

စိုးထက်အောင်(ပြန်/ဆက်)

တတိယအကြိမ်မြောက် မျက်စိရောဂါဝေဒနာရှင် ၈၈၇ ဦးအား အခမဲ့ အလင်းဒါနပေးလှူပွဲ ကျင်းပ

ကျောက်ဆည်၊ မတ် ၁၀

ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့အလင်းဒါနပေးလှူလျက်ရှိရာ တတိယအကြိမ်မြောက်တွင် အလှူရှင် မြစ်သားမြို့နယ် ဦးတင်မောင်၊ ဇနီး ဒေါ်တင်ရွှေ (ဇာမဏီ) မိသားစု၏ လှူဒါန်းငွေကျပ် သိန်း ၁၀၀ ဖြင့် မျက်စိဝေဒနာရှင် ၈၈၇ ဦးအား မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ဇီဝိတဒါန မျက်စိအလင်းပေးလှူပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

တတိယအကြိမ်မြောက် ဇီဝိတဒါန မျက်စိအလင်းပေးလှူနိုင်ရန်အတွက် မန္တလေးမျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံမှ အထူးကု ဆရာဝန်ကြီးများ၊ စဉ့်ကိုင်မြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးဌာနမှ မျက်စိအထူးကုဆရာဝန်နှင့် ဝန်ထမ်းများ၊ ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးများနှင့် ဆေးရုံဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၈ ရက် အထိ ကျောက်ဆည်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးမှုဆောင်ရွက်ပြီး မတ် ၃ ရက် မှ ၅ ရက်အထိ သုံးရက်ကြာ ကုသပေးရာတွင် အတွင်းတိမ် မျက်စိဝေဒနာရှင် ၁၄၅ ဦးအနက်မှ ၁၀၉ ဦးအား ခွဲစိတ်ပေးနိုင်ခြင်းနှင့် အခြားမျက်စိဝေဒနာရှင် ၆၁၂ ဦးအား ကုသပေးနိုင်ခဲ့ပြီး အတွင်းတိမ်ခွဲစိတ်ရန် ကျန်လူနာများနှင့် မျက်သားခြစ်ရန်လူနာ ၄၇ ဦး၊ မျက်မှန်ပါဝါတိုးမြှင့်ခြင်း ၈၃ ဦးတို့အား မတ် ၁၀ ရက်တွင် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များ ဇီဝိတဒါန မျက်စိအလင်းအလှူပေးပွဲသို့ ကျောက်ဆည်မြို့နယ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး မင်းနောင်၊ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်ရီနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ၊ အလှူရှင်မိသားစုနှင့် မြို့မိမြို့ဖများနှင့် မျက်စိဝေဒနာရှင်များ တက်ရောက်ကြကြောင်းသိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းတွင် မတ် ၈ ရက် မွန်းလွဲ ၁ နာရီက ကျန်းမာရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲတွင် အံ့မခန်းအာဟာရအဖွဲ့မှ ဦးသက်နိုင်ဝင်းက အာဟာရမျိုးစုံပြည့်ဝလာစေမည့် နည်းဗျူဟာအသစ်အကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ နန်းထိုက်ရတနာမူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်နှင့် ဆရာမများ၊ ရင်သွေးငယ်များ၏ မိဘများ၊ စိတ်ပါဝင်စားသူမိဘပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - သန်းနိုင် (ဇမ္ဗူသီရိ)

အမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

မကွေး၊ မတ် ၁၀

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ အထက(၁)လမ်းမပေါ်ရှိ မြို့တော်ခန်းမတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားအား မတ် ၈ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၏ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အကြောင်းနှင့် အမျိုးသမီးများ၏ရပိုင်ခွင့် အခွင့်အရေးများအားလည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးဘန်ကီမွန်း၏ သဝဏ်လွှာအား လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းကလည်းကောင်း၊ တိုင်းဒေသကြီးကော်မတီဝင် အတွင်းရေးမှူး ဦးဇော်မင်းက အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအားလည်းကောင်း၊ မြန်မာအက်ရှင်အေဒ်အဖွဲ့ အမျိုး သမီးအခွင့်အလမ်းအရာရှိ (ရန်ကုန်ရုံးချုပ်) ဒေါ်ကြည်ဖြူနိုင်က အမျိုးသမီးများ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးငွေကြေးဆိုင်ရာ အကြမ်းဖက်မှုများအားလုံး ကာကွယ်ရေးဥပဒေများအကြောင်းများအား ရှင်းလင်းဟောပြောခဲ့ကြပြီး မြိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က "အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေး" တစ်ခန်းရပ် ပြဇာတ်အားတင်ဆက်ခဲ့ပြီး အမျိုးသမီးများနေ့ကို မြန်မာနိုင်ငံတွင် ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းပြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်ကျောင်းသူများ၊ ပညာရေးကောလိပ်ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများ စုစုပေါင်းလူဦးရေ ၁၀၀၀ ကျော် တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား "အကြမ်းဖက်မှုကင်းစင်ဖို့ အမျိုးသမီးတို့ဘဝမြှင့်တင်လို့ အပြောင်းအလဲတစ်ခုစတင်စို့" ဟူသည့် ဆောင်ပုဒ်ပါအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

သတင်းတိုများ

အောင်သာရွာတွင် မေမြို့ပန်း လှိုင်လှိုင်ပေါ်

နွားထိုးကြီးမြို့နယ် အောင်သာရွာတွင် မေမြို့ပန်းများ လှိုင်လှိုင်ထွက်၍ ဈေးကွက်ဝင်နေပြီဖြစ်ရာ အောင်သာပန်းအဖြစ်ပင် ဘုရားပန်းဈေးကွက်တွင် နေရာရလာနေသည်။ နှစ်စဉ်အောင်သာမေမြို့ပန်းများ ကို တန်ဆောင်မုန်းလ၌ စတင်စိုက်ပျိုးပြီး တပို့တွဲလတွင် နုတ်ယူဈေးကွက်တင်ရောင်းချကြရသည်။ မြို့ပေါ်သို့နံနက် ၆ နာရီခန့်ရောက်ပြီး မြို့ထဲလှည့်လည်ရောင်းချကြောင်း၊ လေးပင်၊ ငါးပင်တစ်စီး ကျပ် ၃၀၀ ဖြင့် ရောင်းချရကြောင်း၊ ပန်းအရောင်မှာ အရောင်စုံရှိကြောင်း မေမြို့ပန်းရောင်းသော မပြုံးကြည်က ပြောသည်။ အောင်သာမေမြို့ပန်းများကို နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ နယ်များသို့ ဈေးကွက်တင် ရောင်းချကြကာ စိုက်ပျိုးချိန်နှစ်လကြာမြင့်ကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

သန်းခေါင်စာရင်းရုံး ဆိုင်းဘုတ်တင်

နွားထိုးကြီးမြို့ပေါ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လှုပ်ရှားမှုအဖြစ် လုပ်ငန်းကြီးကြပ်နိုင်ရန် သန်းခေါင်စာရင်း ကွပ်ကဲရေးမှူးရုံး၌ ဆိုင်းဘုတ်တင်ခဲ့ကြောင်း သိရသည်။ နွားထိုးကြီးမြို့ပေါ် အမှတ် ၁ ရပ်ကွက်တွင် သန်းခေါင်စာရင်းကွပ်ကဲရေးမှူးရုံး ဆိုင်းဘုတ်တင်ပွဲကို မတ် ၆ ရက်က ပြုလုပ်ခဲ့သည်။ အမှတ် ၁ ရပ်ကွက်တွင် ကောက်ကွက် ၃ ကွက်ဖြင့် သန်းခေါင် စာရင်းကောက်ယူရန် စီစဉ်ထားသည်။ သန်းခေါင်စာရင်းကောက်ယူချိန်တွင် လုပ်ငန်းကြီးကြပ်ရန်သန်းခေါင်စာရင်း ကွပ်ကဲရေးမှူးရုံးကိုဆိုင်းဘုတ်တင် ရုံးဖွင့်ရခြင်းဖြစ်ကြောင်း ပြောသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

သန်းခေါင်စာရင်းဆိုင်ရာလူထုအသိပညာပေးရေးနှင့် လှုံ့ဆော်ဖျော်ဖြေရေးယာဉ် ကရင်ပြည်နယ်ဆိုက်ရောက်

ဘားအံ မတ် ၁၀

ကရင်ပြည်နယ်၊ ဘားအံမြို့ အထက(၁) ကျောင်းရှေ့ဘောလုံးကွင်း၌ မတ် ၇ ရက်နေ့တွင် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် လူထုအသိပညာပေးရေးနှင့် လှုံ့ဆော်ဖျော်ဖြေရေးယာဉ်ရောက်ရှိ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးရေးနှင့် လှုံ့ဆော်ဖျော်ဖြေရေးယာဉ်မှ LED ဖြင့်တေးသီချင်းများကို စတင်ဖျော်ဖြေပေးခဲ့ပြီး ဦးအရိုင်း ဦးဆောင်သော သီးလေးသီးအဖွဲ့က ဟာသများဖြင့်တင်ဆက်ဖျော်ဖြေပေးခဲ့ပြီးနောက် ဦးအရိုင်းမှ သန်းခေါင်စာရင်းမေးခွန်း(၄၁)ချက်အားရှင်းလင်းခဲ့သည်။

အဆိုတော်အိမ့်ချစ်မှ သီချင်းများဖြင့်လည်းကောင်း၊ အနုပညာရှင်များမှ ဟာသပျက်လုံးများဖြင့်လည်းကောင်း ဖျော်ဖြေညှော့်ခံခဲ့ကြသည်။

အဆိုပါသန်းခေါင်စာရင်းကောက်ယူရေးအတွက် လှုံ့ဆော်ဖျော်ဖြေရေးယာဉ်သည် ယင်းနေ့ ညနေ ၆ နာရီ မိနစ်၂၀ မှ ည ၈နာရီ မိနစ်၂၀ထိ ဘားအံမြို့အထက(၁)ဘောလုံးကွင်း၌ ဖျော်ဖြေခဲ့ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းတက်ရောက်နေသော သင်တန်းသားများ၊ မြို့ခံပြည်သူလူထုများ စုစုပေါင်းအင်အား ငါးထောင်ခန့်တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရေးအတွက်လှုံ့ဆော်ဖျော်ဖြေရေးအဖွဲ့အား ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ ဆုများချီးမြှင့်ခဲ့ပြီး ဖျော်ဖြေရေးအဖွဲ့မှလည်း တက်ရောက်ကြည့်ရှုအားပေးသော ပြည်သူလူထုအား တီရှပ်အင်္ကျီနှင့် ဦးထုပ်များ အမှတ်တရပြန်လည်ပေးဝေခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူရေးအတွက် လှုံ့ဆော်ရေးယာဉ်သည် ကရင်ပြည်နယ်ခရီးစဉ်တွင် မတ် ၆ ရက်နေ့ည မြဝတီမြို့၌လည်းကောင်း၊ မတ် ၇ ရက်နေ့တွင် ကော့ကရိတ်မြို့၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ကျုံဒိုးမြို့၌လည်းကောင်း၊ ညနေ ၆ နာရီခန့်တွင် ဘားအံမြို့၌ လည်းကောင်း ကရင်ပြည်နယ်ခရီးစဉ်အတွင်း နေ့မအား ညမနား တက်ကြွစွာ ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

e-Government လုပ်ငန်းများ အထောက်အကူဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲ မုံရွာမြို့ရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပ

မုံရွာ၊ မတ် ၁၀

အချိန်နှင့်အမျှတိုးတက်နေသော နည်းပညာခေတ်ကြီးတွင် အစိုးရဌာနဆိုင်ရာများ၏ e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရေး ရည်ရွယ်လျက် APEX IT DEVELOPMENT Co.,Ltd ၏ ကူညီဆောင်ရွက်မှုဖြင့် မတ် ၈ ရက် နံနက် ၈ နာရီက မုံရွာမြို့ ကွန်ပျူတာတက္ကသိုလ်ရှိ ဇေယျာသီရိခန်းမတွင် ICT (အိုင်စီတီ) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အိုင်စီတီအလုပ်ရုံဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးစိန်မောင်း၊ ဇေယျာပဒေသာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမောင်ထူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်း၊ APEX IT DEVELOPMENT Co., မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နိုင်နိုင်မော်၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် အချက်အလက်များ သိမ်းဆည်းပုံ၊ ကွန်ရက်ချိတ်ဆက်နည်း၊ ကြိုးမဲ့အသုံးပြုနည်း၊ Server များ အသုံးပြုနည်း အကြောင်းအရာများကို ဟောပြောဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချမှုများကို နှစ်ရက်တာ ဆွေးနွေးပို့ချပေးမည်ဖြစ်ပြီး တက်ရောက်သူ ၁၀၃ ဦးရှိကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

သတင်းတိုများ

အင်းတော်ကြီးရေလယ်ဘုရားဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် အင်းတော်ကြီးရွှေမဥ္ဇူရေလယ်ဘုရား၏ ၁၄၅ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကို မတ် ၈ ရက် နံနက် ၈ နာရီတွင် ဘုရားပွဲတော်အဝင်မုခ်ဦး၌ကျင်းပရာ ဟဲပုကျောင်းဆရာတော် ဦးပန္နဝအမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၅၅ ပါး ကြွရောက်ကြပြီး မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး ထွန်းထွန်းဝေနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၅၀ခန့် တက်ရောက်ကြသည်။ မိုးညှင်းမြို့နယ် အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရား၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို မတ် ၈ ရက်မှ ၁၄ ရက်အထိ ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ သမိုင်းဝင် ရွှေမဥ္ဇူရေလယ်ဘုရားသည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေအိုင်များတွင် ပါဝင်သော အင်းတော်ကြီးကန်အတွင်း တည်ထားကိုးကွယ်ထားရှိပြီး အင်းတော်ကြီးအိုင်ကိုလည်း ကမ္ဘာ့ယဉ်ကျေးမှုအမွေ အနှစ်စာရင်းတွင် ထည့်သွင်းရန် ယူနက်စကိုက လျာထားကြောင်းနှင့် မြန်မာနိုင်ငံအနှံ့အပြား ဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

နွားထိုးကြီး၌ မြို့နယ်သမအသင်းစုရုံး ဖွင့်မည်

နွားထိုးကြီးမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုရုံးကို မကြာမီဖွင့်လှစ်သွားရန်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။ အခြေခံအသင်းပေါင်း ၁၂၉ သင်းရှိသော နွားထိုးကြီးမြို့နယ်တွင် သမဝါယမမြို့နယ်အသင်းစုရုံးမဖွင့်နိုင်၍ အခြေခံအသင်းများလှုပ်ရှားမှုမှာ အခက်တွေ့နေရကြောင်း၊ အသင်းစုရုံးဖွင့်ရန် အဆောက်အအုံမြေနေရာ အဆင်သင့်ရှိနေသော်လည်း အကြောင်းကြောင်းကြောင့် မဖွင့်နိုင်ဘဲဖြစ်နေသော်လည်း မကြာမီဖွင့်လှစ်ရန်စီစဉ်ထားကြောင်းသမဦးစီးရုံးတာဝန်ခံ ဦးညွန့်ထိန်ကပြောသည်။ ရပ်ကွက်အသင်းများမှ အဆောက်အအုံငှားထားသောကြောင့် အသင်းရုံးမဖွင့်နိုင်ခြင်း ကိုလည်းသမဆိုင်များ အဖြစ်ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်းသိရသည်။ **ဖွေးမြင့်မောင်**

မြင်းခြံ–ရေဝန်း–မန္တလေးလမ်း ပြုပြင်နိုင်ပြီ

မြင်းခြံ-ရေဝန်း-မန္တလေးကားလမ်းအား ဂက်ပါဝါကုမ္ပဏီထံမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့ (၁၃) က လွှဲပြောင်း၍ နွားထိုးကြီး-ပြင်စည်လမ်းပိုင်း၊ ပြင်စည်-မြစ်သားလမ်းပိုင်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ဆလံမြေသားဖို့ခြင်း၊ ချိုင့်များကို ဖာထေးပြုပြင်ခြင်းများကြောင့် မြင်းခြံ-ရေဝန်း-မန္တလေးလမ်းမှာ အဆင့်မီကောင်းမွန်နေပြီဟု နွားထိုးကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဒေါ်သိမ့်သိမ့်ထွန်းက မီဒီယာကို ပြောသည်။ မြင်းခြံ-ရေဝန်း-မန္တလေးလမ်းကို BOT စနစ်ဖြင့် အောင်မြန်မာကုမ္ပဏီ၊ ဂက်ပါဝါကုမ္ပဏီတို့ဖြင့် ပြင်ဆင်သော်လည်း ကတ္တရာလမ်းမှာ ဆိုးရွားနေ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့ (၁၃) က လွှဲပြောင်းလက်ခံပြင်ဆင်ခဲ့ရာမှ ယခုအခါ ပြင်ဆင်၍ ပြီးစီးနေပြီဖြစ်သည်။ ယင်းလမ်းမှာ ပေါက်ပြဲချိုင့်ဝှမ်းကျိုးပဲ့မှုကြောင့် မြင်းခြံ-မန္တလေး ၃ နာရီခရီးမှာ ၅ နာရီ ၆ နာရီခန့် သွားနေရ၍ ဒေသခံကားများ အခက်အခဲတွေ့ခဲ့သော လမ်းဟောင်းဖြစ်သည်။ ယခုအခါ လမ်းကောင်း၍သွားလာရေးအဆင်ပြေကြောင်း သိရသည်။ **ဖွေးမြင့်မောင်**

INVITATION FOR OPEN TENDER

(16th Term Supply Tender)

1. Open Tenders are invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of High Speed Diesel 1.645 M bbls ± 10% and Jet A1 0.752 M bbls ± 10%.
2. Tender Closing Date : 2-4-2014 at (12:00) noon.
3. Tender Opening Date : 2-4-2014 at (13:00) hrs.
4. Delivery Time : 1st April 2014 to 31st March 2015
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 13-3-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
5. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆရာရှင်မင်း (B.A)

TEACHER
B.Sc(Hons)
M.Sc(Maths)
Grade 5 to 11,IGCSE
Ph: 09-420083128

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရပ်နားထားသော ရေယာဉ်များမှ ပစ္စည်းခိုးယူ လုယက်သူများအား ဖမ်းဆီး

မန္တလေး၊ မတ် ၁၀

ရေယာဉ်၊ သင်္ဘောများပေါ်မှ ကုန်ပစ္စည်းများအား ညအချိန်တွင် အုပ်စုလိုက် ဟွန်ဒါပဲ့ချိတ်စက်လှေများဖြင့် လာရောက်ခိုးယူခြင်း၊ ရေယာဉ်ပေါ် အစောင့်ထားသော်လည်း လေးခွများ၊ ကုန်းသီးများဖြင့် ပစ်၍ ရေယာဉ်ပေါ်မှ ပစ္စည်းများအား ခိုးယူလုယက်ခံရမှုများ ဖြစ်ပွားလျက်ရှိရာ မတ် ၇ ရက်တွင် တာဝန်ရှိသူများက ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းဦးစီး၍ အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့မှူးတို့အနီးကပ်ကြီးကြပ်၍ စုစုပေါင်း ရဲတပ်ဖွဲ့ဝင် ၁၀၆ ဦး ပါဝင်စုဖွဲ့ကာ မတ် ၇ ရက် နံနက် ၅ နာရီက လုယက်သူများစုနေထိုင်ကြောင်း သတင်းရရှိသည့် အမရပူရမြို့နယ် ရှမ်းကလေးကျွန်းအနောက်ဘက် မြစ်ကမ်းစပ်ခြံစပ်များနှင့် ဧရာဝတီမြစ်ကမ်းဘေး သဲသောင်ပြင်များပေါ်ရှိ တဲများအား ဝင်ရောက်ပိတ်ဆို့ဖမ်းဆီးရာ လုယက်သူ သိန်းအောင်(၅၀)နှစ်၊ ကံမြင့်(၄၅)နှစ်၊ ဇင်ကို(၂၁)နှစ်၊ ဇင်ဝိုင်း(၂၆)နှစ်၊

> ဧရာဝတီမြစ်ကမ်းဘေး သဲသောင်ပြင်များပေါ်ရှိ တဲများအား ဝင်ရောက် ပိတ်ဆို့ ဖမ်းဆီးရာ. . .

မင်းနိုင်ထွန်း(၃၃)နှစ်၊ ဝင်းမင်းသန့်(၃၁)နှစ်၊ ရွှေပြည့်ရှင်ကျွန်းရွာ၊ ငါန်းဇွန်မြို့နယ်နေသူများနှင့် မျိုးသန်းဦး(၂၁)နှစ်၊ ညဏ်ပို(၆၃)နှစ်၊ မျိုးဇင်ဦး(၁၅)နှစ် တံတားဦးမြို့နယ် တံဘက်ဆွဲရွာနေသူများ၊ မချယ်ရီ(၂၅)နှစ်၊ မအိအိထွေး(၂၈)နှစ်၊ မစန်းစန်းမြင့်(၂၅)နှစ် စစ်ကိုင်းတိုင်းဒေသကြီး၊ နောက်ကြည့်ကျွန်းကျေးရွာနေသူများနှင့် အောင်ကြီးမောင်(၄၀)နှစ် အပါအဝင် ၁၉ ဦးအား ဖမ်းဆီးပြီး ၎င်းတို့ထံမှ စက်လှေနှစ်စင်း၊ လှေခြောက်စင်း၊ ဆိုင်ကယ်ငါးစီး၊ ဆိုလာပြားလေးပြား၊ ငွေစက္ကူရောရာ ကျပ် ၅၂၂၆၅၀၊ ဆွဲကြိုးတစ်ကုံး၊ နားကပ်နှစ်စုံတို့ သိမ်းဆည်းရရှိပြီး ဇော်ဇော်နှင့် မိုးမင်းတို့မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်းတို့အိမ်မှ စက်လှေနှစ်စင်း၊ လှေခြောက်စင်း၊ ဖုန်းနှစ်လုံး၊ ပုလဲရွှယ်နားကပ် တစ်စုံ၊ TV၊ မီးအားမြှင့်စက် ရွှေနားဆွဲတစ်စုံ၊ ငွေကျပ် ၂၂၀၆၀၀ နှင့် ထွက်ပြေးသူ ကျွဲကြီးအိမ်မှ လက်ကိုင်ဖုန်းနှစ်လုံး၊ ငွေကျပ် ၂၃၀၀၀၀၊ ကင်ဘိုဆိုင်ကယ်တစ်စီး၊ အရိုး ၁၈ လက်မရှိ ဓားတစ်ချောင်းတို့ သိမ်းဆည်းရရှိပြီး အမရပူရ မြို့မရဲစခန်းက (ပ)၇၆/၇၇/၇၈/၇၉/၈၀ ပြစ်မှုပုဒ်မ ၃၈၀/၅၄ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

နတ်နန်းကျေးရွာမြစ်ရေတိုက်စားမှုများကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများကြည့်ရှုနေစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နတ်နန်းကျေးရွာမြစ်ရေတိုက်စားမှု ကာကွယ်ရန် ရေကာတာကို ကျပ်သိန်းပေါင်း ၂၀၀ အကုန်အကျခံ ဆောက်လုပ်

ကလေး၊ မတ် ၁၀

ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စု နတ်နန်းကျေးရွာသည် ယခင်မိုးတွင်းကာလက မြစ်သာမြစ်ရေတိုက်စားမှုကြောင့် ကျေးရွာအနီးကမ်းပါးများ ပြိုကျပျက်စီးသွားပါသဖြင့် နတ်နန်းကျေးရွာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေမှ ကျပ်သိန်း ၂၀၀ အကုန်အကျခံ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အရှည်ပေ ၆၂၀ ရှိ ရေထိန်း ရေကာတာ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မြစ်ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းကို ကလေးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီးအဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရန် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးသည် မတ် ၄ ရက်တွင် လက်တွေ့ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျိုးနက်

ပဲခူး ရွှေမော်ဓောဘုရားပွဲတော် ဈေးဆိုင်ခန်းများ စတင်လေလံခေါ်မည်

ရန်ကုန်၊ မတ် ၁၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးမြို့ကျက်သရေဆောင် သမိုင်းဝင် ရွှေမော်ဓောဘုရားပွဲကြီးတွင် ဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ရောင်းချနိုင်ရေးအတွက် မတ် ၂၃ ရက်တွင် ဈေးဆိုင်ခန်းလေလံများကို နေ့ချင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရွှေမော်ဓောဘုရားဂေါပကရုံးမှ သိရသည်။

"မတ်လ ၂၃ ရက် မှာလျှောက်လွှာနဲ့ရောင်းပြီး ဆိုင်နံပါတ်တွေ တစ်ခါတည်းပေးသွားမှာပါ။ ကျွန်တော့်ဆီက ဇာတ်ရုံဆောက်တဲ့ ကန်ထရိုက်တွေကို ဈေးသည်တွေက ဖြတ်ပိုင်းပြပြီး မြေနေရာဘယ်လောက်မှာ ဆိုင်ဆောက်ပေးဆိုပြီး သွားအပ်လိုက်တာနဲ့ အဆင်ပြေပါတယ်။ လေလံကိုတစ်နေ့တည်းနဲ့ အပြီးလုပ်မှာပါ" ဟု ရွှေမော်ဓောဘုရား ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးကျော်အေးက ပြောသည်။

လူစည်ကားသော ရွှေမော်ဓောဘုရားလမ်းတွင် အထွေထွေရောင်းချနိုင်သော ဆိုင်ခန်း ၇၀ အား နေရာချထားပေးပြီး ဘုရားလမ်းမြောက်ဘက် ဗုဒ္ဓပိမာန်အနောက်ဘက်အခြမ်း မြေကွက်လပ်ကွင်းပြင်အတွင်း စားသောက်ဆိုင်ခန်း ၅၀ နှင့် လူသုံးကုန်ပစ္စည်းများရောင်းချသော ဆိုင်ခန်း ၂၅၀ ဖြင့်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆိုင်ခန်းများအားလုံးကို မျက်နှာစာ ၈ ပေ၊ နောက်အကျယ် ၁၆ ပေဖြင့် အချိန်တစ်လ ရောင်းချခွင့်ပြုထားပြီး တစ်လလုံးရောင်းချသော ဘုရားလမ်းရှိ ဆိုင်ခန်းများအား ဆိုင်ခန်းခ ငွေကျပ်သုံးသိန်း၊ ပွဲတော်ရက်အတွင်း ၁၂ ရက်သာရောင်းမည့် အခြားဆိုင်ခန်းများကို ငွေကျပ်ငါးသောင်းဖြင့် ယခင်နှစ်ကအတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း၊ ယခုနှစ်တွင်ဘုရားပွဲအား ဧပြီ ၉ ရက်မှ ၁၈ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုးအောင်ဖေ

သတင်းတို

ရွှေလုပ်ကွက်များစနစ်ကျရန် ဥပဒေအတိုင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်ကျော်မိုး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်တို့သည် တာဝန်ရှိသူများနှင့်အတူ မတ် ၆ ရက်က သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် သပိတ်ကျင်းမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးရွာနယ်နိမိတ်နှင့် ရွှေလုပ်ကွက်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ဆောင်ရွက်ရန် ရေရှည်စီမံချက်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

မောင်ပြည်သူ(မန္တလေး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောထွက်ပစ္စည်းဖောက်စပ်ကော်ပိုရေးရှင်းလီမိတက်
ဗိုလ်တထောင်မြို့နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
RCT
Cross Wall
အိတ်ဖွင့်တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့
သစ်တောထွက်ပစ္စည်းဖောက်စပ်ကော်ပိုရေးရှင်းလီမိတက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)
Construction of Underground Works
Technical
Financial Proposal
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈) နေပြည်တော်

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
နေပြည်တော်ရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပျောက်ဆုံးကြောင်း

ကျေးဇူးဆပ်ပါမည်
Firm (AA 1894 7)

ပျော်ရွှင်စရာသကြၤန် ခရီးစဉ်
တောင်ကြီး-အင်းလေး-ပင်းတယ-ထမ်းစမ်း-ကလော
11 April 2014
၁၆၈,၀၀၀/ ကျပ်
Yellow Earth Travel & Tours
www.yellowearthtravel.com
Tel: 01 311750 / 09 73165073

မြန်မာ့မီးရထားမှ ဖိုင်ဘာကေဘယ် သွယ်တန်းရေး စိတ်ဝင်စားသည့် ကုမ္ပဏီများအား တင်ဒါခေါ်ယူ

ရန်ကုန်၊ မတ် ၁၀

မြန်မာ့မီးရထားလုပ်ငန်းတွင် ဖိုင်ဘာကေဘယ် သွယ်တန်းရေးအတွက် စိတ်ဝင်စားသည့် ကုမ္ပဏီများအား တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မတ် ၇ ရက် နံနက် ၉ နာရီခွဲတွင် မီးရထားဒုတိယဝန်ကြီး(ငြိမ်း)နှင့် သက်ဆိုင်ရာကုမ္ပဏီများ၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတာဝန်ရှိကြသူများ ပူးပေါင်းပြုလုပ်သော ဒုတိယအကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲမှ သိရသည်။

"ပထမအဆင့်အနေနဲ့ကတော့ ကျွန်တော်တို့ ရန်ကုန်-မန္တလေးမီးရထားလမ်းတစ်လျှောက်မှာရှိနေတဲ့ လက်ရှိဖိုင်ဘာဆက်ကြောင်းလမ်းကို ဘယ်လိုငှားမလဲ၊ ဒုတိယအဆင့်ကတော့ ကျန်ရှိနေတဲ့အရာအားလုံးကို တစ်ပြိုင်တည်းလုပ်ပြီး တင်ဒါခေါ်ယူသွားပါမယ်၊ ဒီနေ့ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ သက်ဆိုင်ရာကုမ္ပဏီတွေကပဲ ပြိုင်ပြီး ငှားရမ်းဖို့ သဘော တူညီကြပါတယ်။ သူတို့ချထားတဲ့ အစီအစဉ်ကလည်းမီးရထားနဲ့ ညီဖို့တော့ လိုတယ်လေ၊ ဒီဖိုင်ဘာဆက်ကြောင်းလုပ်ငန်းကိစ္စတွေ အောင်မြင်လာပြီ ဆိုရင် မြန်မာ့မီးရထားက အခုရရှိထားတဲ့ ဝင်ငွေမှန်သမျှကို မီးရထားစက်ခေါင်းနှင့် တွဲအသစ်တွေကိုပါ ဝယ်ယူပြီး အများပြည်သူတွေအတွက် ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်အောင်စီစဉ်ဆောင်ရွက်သွားမှာပါ" ဟု မြန်မာ့မီးရထား Optical Fiber Cable လိုင်းများသွယ်တန်းခြင်း စီမံကိန်းဒါရိုက်တာဦးဘမြင့်က ပြောကြားသည်။

> နိုင်ငံတော်မှ မြန်မာ့မီးရထားအတွက် ဖြည့်ဆည်းငွေ တစ်နှစ်လျှင် ငွေကျပ် ဘီလျံ ၄၀ ခန့် စိုက်ထုတ်ပေးနေရခြင်းဖြစ်ရာ . . .

နိုင်ငံတော်မှ မြန်မာ့မီးရထားအတွက် ဖြည့်ဆည်းငွေ တစ်နှစ်လျှင် ငွေကျပ် ဘီလီယံ ၄၀ ခန့် စိုက်ထုတ်ပေးနေရခြင်းဖြစ်ရာ အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်းများကို တိုင်ပင်ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တနင်္ဂနွေက ပြုလုပ်တဲ့ဆွေးနွေးပွဲကတော့ ပထမဦးဆုံးစပြီး အကြံပြုဆွေးနွေးတဲ့အနေနဲ့ ပြုလုပ်တာပါ၊ Conference (ညီလာခံ) သဘောပေါ့၊ အခုကတော့ ဒုတိယအကြိမ်အနေနဲ့ Round table discussion (စားပွဲဝိုင်းဆွေးနွေးပွဲ)ကို ထပ်ပြီးပြုလုပ်တာပါ။ ဒီဖိုင်ဘာဆက်ကြောင်းလမ်းဆောင်ရွက်ရမယ့်ဆွေးနွေးမှုတွေဟာ မီးရထားလုပ်ငန်းမှာ မရှိမဖြစ်ပြုလုပ်ရမယ့် အစည်းအဝေးတွေပါ" ဟု ၎င်းက ပြောကြားသည်။

မြန်မာ့မီးရထားက အော်ရီဒူးကုမ္ပဏီနှင့် တယ်လီနောကုမ္ပဏီတို့အားဦးစားပေး အလေးထားကြောင်း သိရကာ ဧပြီလဆန်း ပထမအပတ်မှ စတင်ပြီး ဖိုင်ဘာဆက်ကြောင်းများ သွယ်တန်းရေးအတွက် စိတ်ဝင်စားသည့် ကုမ္ပဏီများအား ဖိတ်ခေါ်ကာ တင်ဒါခေါ်ယူသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် သင့်တော်သော သက်ဆိုင်ရာကုမ္ပဏီများအား စာချုပ်ချုပ်ဆိုကာ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည် ဖိုင်ဘာကေဘယ်သွယ်တန်းရေးဆိုင်ရာ တင်ဒါခေါ်ယူမည့်ကိစ္စအား ပထမအကြိမ် အကြံပြုဆွေးနွေးပွဲကို မတ် ၂ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

(စိုးဝင်း-MLA)

သတင်းတိုများ

ပန်းရုံတော်ချောင်းအတွင်းမှ ကျည်ဆန်များတွေ့ရှိ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် အကွက် (ဆဆ-၇) ရှိ ပန်းရုံတော်ချောင်းအတွင်း မတ် ၆ ရက် ညနေ ၄ နာရီခန့်က ၎င်းရပ်ကွက်နေ ဝေလင်းအောင်(၁၁)နှစ်၊ ဝေဖြိုး(၁၂)နှစ်တို့ ရေဆင်းချိုးရာမှ ချောင်း တံတားအောက် ရေပြင်အောက်ကြမ်းပြင်၌ ကျည်ဆန်များတွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သည်။ အောင်ပင်လယ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်လှအေးနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ ၇ ဒသမ ၆၂ မမ ဘီအေ ၆၃ ကျည်ဆန်တောင့် ၁၃၀ နှင့် LC ၅၃ စာတန်းပါ ကျည်နှစ်တောင့်တို့အား ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် တွေ့ရှိ၍ သိမ်းဆည်းပြီး နယ်မြေခံတပ်သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

မန္တလေးတွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၄ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်တွင် မတ် ၄ ရက် ညနေ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မှ ရဲအုပ်ကျော်ခင်ဦးစီးအဖွဲ့က သတင်းအရ စောင့်ဆိုင်းနေစဉ် CALDINA အမျိုးအစား အနက်ရောင်ကားဖြင့် မောင်းနှင်လာသူ ဝင်းအောင်(၅၁)နှစ်အားရှာဖွေရာ ကားဂီယာခုံပေါ်ရှိ စီးကရက်ဘူးခွံအတွင်း ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါသော အထုပ်နှစ်ထုပ် တွေ့ရှိ၍ သိမ်းဆည်းပြီး ၎င်းအားစစ်ဆေးရာ ပြည်ကြီးတံခွန်မြို့နယ် ပျူစောထီးလမ်း (၆၁) လမ်းနှင့် (၆၂) လမ်းကြားနေ ဇေယျာမြင့်ထံ အပ်ထားကြောင်း ထွက်ဆိုသဖြင့် ၎င်းနေအိမ်အောက်ထပ် မြေကြီးအတွင်းဝှက်ထားသော စိတ်ကြွဆေးပြား ၁၀၂၀ ပြားအား ရှာဖွေသိမ်းဆည်းပြီး ဝင်းအောင်နှင့် ဇေယျာမြင့်တို့အားပြည်ကြီးတံခွန်မြို့မရဲစခန်းကအမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးတွဲအစီရင်ခံစာကို လာမည့်ဩဂုတ်လအတွင်း တင်သွင်းမည်

မန္တလေး၊ မတ် ၁၀

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အပေါ် မြန်မာနိုင်ငံအစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးတွဲအစီရင်ခံစာကို ဩဂုတ်တွင် တင်သွင်းမည်ဖြစ်ကြောင်း မတ် ၈ ရက်ကပြုလုပ်ခဲ့သည့် ၂၀၁၄ ခုနှစ်အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းလှိုင်က ပြောကြားသည်။

အဆိုပါကုလသမဂ္ဂသဘောတူစာချုပ်အား ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ပထမအကြိမ် အစီရင်ခံစာကို ၁၉၉၉ ခုနှစ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပူးတွဲအစီရင်ခံစာကို ၂၀၀၇ ခုနှစ်တွင်တင်သွင်းခဲ့ပြီး၊ ယခုနှစ်တွင် စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်ပူးတွဲ အစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

"မြန်မာအမျိုးသမီးထုကြီးရဲ့ ဗဟိုချက်ဌာနအဖြစ် ဆောင်ရွက်ရတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများရရှိရေးနဲ့ အမျိုးသမီးလူကုန်ကူးမှုတိုက်ဖျက်ရေးစတဲ့ ကဏ္ဍအသီးသီးက ကြိုးပမ်းမှုတွေကိုကော်မတီကို တင်ပြအစီရင်ခံခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

၂၀၀၇ ခုနှစ်တွင် တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကော်မတီမှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်စီမံချက်နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများမရှိစေရန် ဥပဒေပြဋ္ဌာန်းမည့်ကိစ္စရပ်များအား အကြံပြုထားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဦးဆောင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ပထမအချက်ဖြစ်တဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်စီမံချက်ကို၂၀၁၃-၂၀၂၂ မူကြမ်းရေးဆွဲထားပြီးပါပြီ။ ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက်လည်း ဝန်ကြီးဌာနက ဦးဆောင်ပြီး ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသမီးအခွင့်အရေးများ ကျား/မ တန်းတူညီမျှမှုဆိုင်ရာ အခြေခံသဘောတရားများကို မြန်မာအမျိုးသမီးထုအား အသိပေးရန်အတွက် တိုင်းဒေသကြီးများဖြစ်သော မန္တလေး၊ ရန်ကုန်၊ မကွေး၊ စစ်ကိုင်း၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အမျိုးသမီးအခွင့်အရေးနှင့် ကျား/မ တန်းတူညီမျှမှု ဆိုင်ရာအသိပညာပေးအစီအစဉ်များကို၂၀၁၀-၁၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးအစီအစဉ်များအား တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရန်အတွက် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် မြန်မာအမျိုးသမီးများ၏ကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းလှိုင်ထံမှ သိရသည်။ **အောင်ရဲသွင်**

ဂျပန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(က) Palm &Thinner ... HIE-1/033
တက်ထုတ်စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

၂၀၁၄-၂၀၁၅ စာသင်နှစ်အတွက်
ဦးညဏ်လွင်
B.Sc(Phy)M.Sc(Thesis)
* ၉တန်း နှင့် ၁၀တန်း
* ဘာသာစုံပိုင်းများ
* ရူပဗေဒ သီးသန့်တန်းများ
* ဓာတ်လာဆန်းစမည်။
ကျောင်းအပ်လက်ခံပြီ။
Ph: 01 .253205, 09 420737118

ဥပဒေဘွဲ့(L.L.B.) ခုံသာဆက်သွယ်ပါ

☎01-394727,01-399426,09-73069994, 095152821

YWCA
မုန့်ဖုတ်အထူးသင်တန်း

(Travels & Tours)
Feb 28, Mar 7,14,21,28,Apr 4,11
Feb 28, Mar 14,21,28, Apr 4
Feb 28
Mar 21

B.A(Eng)
SUPER-A-ONE
Interview
Tourism,Hotel,Company,Student Visa, Grammer
☎ 511231

အဋ္ဌမအကြိမ်မြောက် တိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး မတ် ၁၀

အဋ္ဌမအကြိမ်မြောက် တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ မတ် ၉ ရက် နံနက် ၉ နာရီကကျင်းပရာ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသန်းမောင် တက်ရောက်ပြီး ဘွဲ့များပေးအပ်ခဲ့သည်။**(ယာပုံ)**

အခမ်းအနားတွင် ပါမောက္ခချုပ်က "ကတိသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"ဆိုသည့်အတိုင်း ကိုယ်ကျင့်သိက္ခာ စင်ကြယ်ခြင်းသည် ဆေးစွမ်းပိုထက်ပြီး လုပ်ငန်းအောင်မြင်ရေးအတွက် များစွာအရေးပါသည်ဆိုသည့်အချက်ကို မောင်တို့မယ်တို့အနေဖြင့် စွဲစွဲမြဲမြဲယုံကြည်ထားဖို့လိုကြောင်း၊ Traditional စာလုံးတစ်လုံး၏ အမြုတေတန်ဖိုး (Core Values)များဖြစ်သည့် Traditional ဆိုသည့် ရိုးရာအမွေအနှစ် တိုင်းရင်းဆေးပညာ မြတ်နိုးတန်ဖိုးထားမှု၊ Responsibility ဆိုသည့် တာဝန်သိမှု၊ တာဝန်ယူတတ်မှု၊ Altruism ဆိုသည့် အများအကျိုး သယ်ပိုးမှု၊ Discipline ဆိုသည့် စည်းကမ်းရှိမှု၊ Integrity ဆိုသည့် ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှု၊ Trustworthiness ဆိုသည့် ယုံကြည်ထိုက်သူဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှု၊ Intelligence ဆိုသည့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားတိုးတက်အောင်ဆောင်ရွက်မှု၊ Originality ဆိုတဲ့ ကိုယ်ပိုင် မူရင်းဖြစ်မှု၊ Nature-Loving ဆိုသည့်သဘာဝနှင့်ဆေးဖက်ဝင်အပင်တွေကို ချစ်မြတ်နိုး တန်ဖိုးထားမှု၊ Action ဆိုသည့် အလုပ်ဖြင့်သက်သေပြနိုင်မှု၊ Leadership ဆိုသည့် ခေါင်းဆောင်ကောင်းဖြစ်မှု စသည် တို့ကို ဆက်လက်မြတ်နိုးတန်ဖိုးထားပြီး ဘဝလမ်းညွှန်အဖြစ် ခံယူကျင့်သုံးသွားကြစေလိုကြောင်းဖြင့် ဘွဲ့ရမောင်မယ်များအား ဘွဲ့နှင်းသဘင်မိန့်ခွန်းမြွက်ကြားသည်။

အဋ္ဌမအကြိမ်မြောက်အဖြစ် ဘွဲ့အပ်နှင်းခံရသူများမှာ မြန်မာတိုင်းရင်းဆေးပညာသင်တန်းမှ မြန်မာတိုင်းရင်းဆေးပညာ မဟာ ဘွဲ့လေးဦး၊ မြန်မာတိုင်းရင်းဆေးပညာ (ပေါင်းကူး) သင်တန်းမှ မြန်မာတိုင်းရင်းဆေးပညာ ဘွဲ့ ၅၀ ဦး၊ မြန်မာတိုင်းရင်းဆေးပညာ(ပုံမှန်) သင်တန်းမှ မြန်မာတိုင်းရင်းဆေး ပညာဘွဲ့ ၆၀ နှင့်အဝေးရောက်ဘွဲ့ယူသူ ခြောက်ဦး စုစုပေါင်း ၁၂၀ ဖြစ်ပြီး မြန်မာတိုင်းရင်းဆေး တက္ကသိုလ်အနေဖြင့် ယခုအကြိမ်အထိ မြန်မာတိုင်းရင်းဆေးပညာဘွဲ့ရ စုစုပေါင်း ၁၁၃၉ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများ၊ မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုမင်း(ကြေးမုံ)

ဆုတောင်းပြည့်မန်ဆူစေတီတော်မြတ်ကြီး (၆၅)ကြိမ်မြောက် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်

လားရှိုး မတ် ၁၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် မန်ဆူ စေတီတော်မြတ်ကြီး၏ (၆၅) ကြိမ်မြောက် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို မတ် ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါအလှူပွဲအတွက် ပင့်သံဃာအပါး ၃၀၀ ကျော်တို့အား ဆွမ်းသပိတ်၊ စာရေးတံမဲနှင့် ပဒေသာပင်များကို ဂေါပကအဖွဲ့ထံ လာရောက်လှူဒါန်းနိုင်ပြီး တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်နေ့အထိ ငါးညတိုင်တိုင် "စိုးထက်ပိုင် မန္တလေးဇာတ်သဘင်"ဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

မတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာရက်

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

နေ့အပူချိန်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လက်ရှိရေမှတ်များအထက် ပေဝက်ခန့်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် လက်ရှိရေမှတ်များ အောက် ပေဝက်ခန့် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)

သားမောင်းသောဆိုင်ကယ်ပေါ်မှ မိခင်ဖြစ်သူ ပြုတ်ကျသေဆုံး

ကနီ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အုပ်ကုန်းကျေးရွာအုပ်စု၊ စပါးကျေးရွာ၏ အရှေ့ဘက်တွင် မတ် ၇ ရက် ညနေ ၃ နာရီခွဲကဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ဝင်မနားနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး ခင်လင်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။ သက်ဆိုင်ရာရဲဌာန၏ စစ်ဆေးချက်များအရ ကနီမြို့နယ် ဘုတ်ကုန်းကျေးရွာအုပ်စု ပတိန်စုကျေးရွာနေ နဝမတန်းကျောင်းသား အောင်မျိုးထက်(၁၅)နှစ်သည် ANBO 125 ဆိုင်ကယ်အားရှေ့မှစီးပြီး မိခင်ဖြစ်သူ ဒေါ်သိန်းပို (၅၁)နှစ်မှာ ဆိုင်ကယ်၏ နောက်တွင် ထိုင်၍လိုက်ပါလာခဲ့ရာ စပါးကျေးရွာမှပတိန်စု ကျေးရွာသို့သွားရာလမ်းတွင် မိခင်ဖြစ်သူမှာ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် အောင်မျိုးထက်အား ဝင်မနားနယ်မြေရဲစခန်းက ယာဉ် (ပ) ၂/ ၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄ (က) အရ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ထိုဒေသတွင် ယမန်နှစ်ကလည်း အလားတူ ဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့ဖူးကြောင်းကနီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲတပ်ဖွဲ့ ဝင်တစ်ဦးက ပြောပြသည်။

တိုးတိုးဝင်း(မုံရွာ)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

" ကန့်ကွက်နိုင်ပါသည် "

B.A(Eco), H.G.P, R.L, D.B.L
LL.B.,Diploma in Business Law
LL.B

စည်းကမ်းလိုက်နာဘေးကင်းကွာ

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ ဆိုင်ကယ်စီးနှင်းခွင့် ကန့်သတ်နယ်မြေမှအပ ကျန်မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် မော်တော်ဆိုင်ကယ်များကို တွင်ကျယ်စွာ အသုံးပြုလာကြပြီ ဖြစ်သည်။ မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးလက်တောရွာများအထိပါ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်သည်။ ဈေးနှုန်းမှာလည်း ဝယ်ယူသုံးစွဲနိုင်သည့် သင့်တင့်မျှတသည့် ဈေးနှုန်းရှိသဖြင့် ကိုယ်ပိုင်စီးတော်ယာဉ်ငယ်များအဖြစ် ဝယ်ယူသုံးစွဲလာကြသည်။ သွားလာရေး အဆင်ပြေရုံမျှမက စီးတော်ယာဉ်ငယ်များကို လက်စွဲပြုကာ ကုန်စည်ပို့ဆောင်ရောင်းဝယ်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရှာလာကြသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိသည်။ ယင်းကဲ့သို့ အသုံးပြုသူများပြားလာသည်နှင့်အမျှ နယ်စပ်ဒေသစစ်ဆေးရေးဂိတ်များနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအား ရှောင်တိမ်းကာနိုင်ငံအတွင်းရောက်ရှိလာသောအကောက်ခွန်မဲ့ တရားမဝင်လိုင်စင်မဲ့ဆိုင်ကယ်များသည်လည်း ပြည်သူများလက်ထဲတွင် အစီးရေမည်မျှရှိနေဦးမည်မသိပါ။ အဆိုပါ လိုင်စင်မဲ့ ဆိုင်ကယ်များအား လက်ဝယ်ပိုင်ဆိုင်စီးနင်းနေသူများအား သက်ဆိုင်ရာ အဖွဲ့အစည်းများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်အသုံးပြုရန်အတွက် သက်မှတ်ထားသည့် အခွန်အခများပေးဆောင်စေပြီး တရားဝင်မှတ်ပုံတင်ရေး လုပ်ငန်းများကို လုပ်ဆောင်စေခဲ့သည်။

ယခုလတွင်လည်း တရားမဝင်လိုင်စင်မဲ့ဆိုင်ကယ်များအား သက်ဆိုင်ရာခရိုင်ရုံးများတွင် နေ့ချင်းပြီးယာဉ်မှတ်ပုံတင်စတင်ပြုလုပ်ပေးနေပြီဖြစ်သည်။ ထို့ပြင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက မတ်လအတွင်းနယ်လှည့်၍ ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ပြည်သူများ ယာဉ်အန္တရာယ်မှ ကင်းဝေးကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်နေချိန်တွင် ပြည်သူများဘက်ကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လှည့်ပတ်ရှောင်တိမ်းမနေဘဲ စည်းကမ်းတကျ လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ထားရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ရန်စသည့် စည်းကမ်းချက်များကို ပြဋ္ဌာန်းထားသည်မှာ ပြည်သူများ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးရန် ပြဋ္ဌာန်းထုတ်ပြန်ထားသည့်အတွက် ဆိုင်ကယ်မောင်းနှင်အသုံးပြုသူများအနေဖြင့် စစ်ဆေးမှုခံယူနေရသည်ဟု သဘောမထားဘဲ မိမိတို့၏အသိစိတ်ဓာတ်ဖြင့် လိုက်နာကျင့်သုံးသွားကြရမည်ဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စစ်ဆေးမှုရှေ့တွင်သာ လိုက်နာခြင်းမျိုးမဟုတ်ဘဲ ဆိုင်ကယ်အသုံးပြုစဉ် ကာလတစ်လျှောက်လုံး လိုက်နာသွားကြရမည်ဖြစ်သည်။ မိမိတို့သည် နေ့စဉ်နှင့်အမျှ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နေကြရသည်။ ထိုသို့ လုပ်ဆောင်ခြင်းများကြောင့် အနည်းဆုံးလမ်းကို အသုံးပြုကြရသည်။ ယင်းကဲ့သို့ အသုံးပြုရခြင်းကြောင့် နောက်ဆက်တွဲလမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်များပါ ယှက်နွယ်လာသဖြင့် ယင်းအန္တရာယ်ကို လက်ယပ်မခေါ်မိစေရန် လမ်းယာဉ်အသုံးပြုသူများကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဘဝတစ်သက်တာ လိုက်နာကျင့်သုံးရင်း အန္တရာယ်ကင်းစွာဖြင့် လိုရာခရီးကို လျှောက်လှမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယာဉ်အစီးရေ မများသော်လည်း ယာဉ်ကြောင့် ဖြစ်ပေါ်နေသည့်သေဆုံးမှုများ များပြားလျက်ရှိရာ ယခုအခါမြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာလာသည်နှင့်အမျှ ယာဉ်စီးရေများလည်း တိုးပွားများပြားလျက်ရှိသည်။ ယင်းအထဲတွင် လိုင်စင်ရှိဆိုင်ကယ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များပါ တိုးတက်များပြားလျက်ရှိသည်။ ယင်းကဲ့သို့ များပြားလာမှုနှင့်အတူ နောက်ဆက်တွဲ ယာဉ်အန္တရာယ်ကြောင့် ဖြစ်ပွားသည့်ရလဒ်များပါ ကပ်ပါလျက်ရှိသည်။ ယာဉ်စီးရေအများဆုံး အသုံးပြုနေသည့် ရန်ကုန်တွင် ယာဉ်မတော်တဆမှုများ အများဆုံးဖြစ်ပွားနေသလို မော်တော်ဆိုင်ကယ်များပြားသော နယ်မြို့များတွင်လည်း ယာဉ်မတော်တဆမှုများ အများဆုံးဖြစ်ပွားနေသည်မှာ အားလုံးသတိပြုဆင်ခြင်ကြရမည့် အချက်ဖြစ်သည်။

> **ပြည်သူများ ယာဉ်အန္တရာယ်မှ ကင်းဝေးကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

နေဇာဇာထွန်း

မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၁၆၄၉ မှုရှိခဲ့ပြီး သေဆုံးသူ ၃၃၂၆ ဦး၊ ဒဏ်ရာရသူ ၁၉၇၂၅ ဦး ရှိခဲ့ကာ ယင်းတို့အနက် မော်တော်ဆိုင်ကယ်ပါဝင်ပတ်သက်မှုမှာ ၇၁၂၇ မှုရှိခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုမှာ ၁၃၉၀၇မှုရှိခဲ့ပြီး သေဆုံးသူ ၃၆၀၂ ဦး၊ ဒဏ်ရာရသူ ၁၂၄၃၅ ဦးရှိခဲ့ကာ ယင်းတို့အနက် မော်တော်ဆိုင်ကယ်ပါဝင်ပတ်သက်မှုမှာ ၇၈၅၄ မှုရှိခဲ့သည်ကို လေ့လာသိရှိရသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကို နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားမှု ၂၂၅၈ မှုတိုးခဲ့ကာ သေဆုံးသူ ၂၈၆ ဦး၊ ဒဏ်ရာရသူ ၃၇၁၀ မြင့်မားလာခဲ့သည်ကို တွေ့ရှိရသည်။ မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးမှုများထဲတွင် ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ မေးသိုင်းကြိုးမတပ်ခြင်းနှင့် အရည်အသွေးမမီသော ဆိုင်ကယ်ဦးထုပ်များကိုဆောင်းခြင်းကြောင့် အများဆုံးဖြစ်ပွားရကြောင်းလေ့လာသိရှိရသည်။

ယာဉ်မတော်တဆမှုမှတစ်ဆင့် ထိခိုက်သေဆုံးမှုများ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာဌာနများမှ အသိပညာပေးမှုများ အင်တိုက်အားတိုက်ပြုလုပ်လာသကဲ့သို့ စေတနာရှင်ပြည်သူများမှ လှူဒါန်းသည့် အဆင့်မီဆိုင်ကယ်ဦးထုပ်များကိုလည်း ခရီးသွားပြည်သူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့များမှ ပညာပေးမှုများလုပ်ဆောင်ကာ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ ယင်းကဲ့သို့လုပ်ဆောင်နေချိန်တွင် ဆိုင်ကယ်စီးနင်းသူ မိဘပြည်သူများကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှ လိုက်နာသင့်သည့် စည်းကမ်းချက်များကို လေ့လာမှတ်သားကာ လိုက်နာကြရမည်ဖြစ်သည်။ ယာဉ်အန္တရာယ်လျော့ကျရေးဆောင်ရွက်မှု ဆယ်စုနှစ် ၂၀၁၁-၂၀၂၀ကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆိုင်ကယ်စီးနင်းသူပြည်သူများဘက်ကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် "စည်းကမ်းလိုက်နာဘေးကင်းကွာ"ဆိုသကဲ့သို့ ယာဉ်အန္တရာယ်မှ ကင်းဝေးကာ မိမိတို့၏ လိုရာခရီးကို လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။

အမ်းမြို့နယ်၌ စာပေဟောပြောပွဲနှင့် ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

အမ်း မတ် ၁၀

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် စခန်းမော်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၉ နာရီက ဆရာကြီးဦးမြကြိုင် (အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်း) က ကူညီပံ့ပိုးသည့် ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာအလင်း စာကြည့်တိုက်အတွက် အလှူရှင်များက ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူပြီးဆရာကြီးဦးမြကြိုင် (အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်း)က ကူညီပံ့ပိုးသော ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ စာအုပ်စာစောင်များကို ဆရာဦးအောင်ကိုဦး(UMK)က ပြန်/ဆက် ဦးစီးမှူးထံသို့လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ဆရာဦးအောင်ကိုဦးက လူငယ်တွေ စာဖတ်ဖို့ခေါင်းစဉ် ဖြင့် ဟောပြောခဲ့ကြောင်းသိရသည်။

နွေရာသီအင်္ဂလိပ်ဘာသာစကား ပညာဒါနသင်တန်းကို မတ် ၄ ရက်မှ ဧပြီ ၁၀ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကို စတုတ္ထတန်းမှ ဒသမတန်းထိ ကျောင်းသားကျောင်းသူများ တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

စာကြည့်တိုက် ဆင့်ပွားသင်တန်းဖွင့်

သဲကုန်း မတ် ၁၀

ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော စာကြည့်တိုက်များ ရှင်သန်ရေးနှင့် စာကြည့်တိုက်မှူးများ စွမ်းဆောင်ရည် မြင့်မားစေရန်ရည်ရွယ်၍ စာကြည့်တိုက်ဆင့်ပွားသင်တန်း(၁/၂၀၁၄) ကို မတ် ၉ ရက် နံနက် ၁၀ နာရီက ပုတီးကုန်းမြို့ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးနိုင်လင်းက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ရုပ်သံကျွမ်းကျင်-၃ ဒေါ်ချစ်နှင်းသုန်က စာပြုလုပ်ငန်းနှင့် မျိုးတူစုလုပ်ငန်းများအကြောင်းကို တက်ရောက်လာသည့် စာကြည့်တိုက်မှူးများအား ဆွေးနွေးပို့ချခဲ့ရာ သင်တန်းသားများက သိရှိလိုသည့် အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

သင်တန်းသို့ ပုတီးကုန်းမြို့မှ ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ စာကြည့်တိုက်မှူးများ စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ADMA Media Co., Ltd (Myanmar Media7) နှင့် ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သဟာဓိလမ်း၊ အမှတ်(၅၁)တွင် တည်ရှိသော ADMA Media Co., Ltd (Myanmar Media 7) သည် အရည်အချင်းပြည့်ဝပြီးစစ်မှန်သည့် စာနယ်ဇင်းကုမ္ပဏီအဖြစ် ရပ်တည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ မီဒီယာဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထင်ရှားကောင်းမွန်သောဂုဏ်သတင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ADMA Media Co., Ltd (Myanmar Media 7) ၏အမည်နှင့်ဆင်တူ ရိုးမှားပြုလုပ်၍ မီဒီယာဝန်ဆောင်မှု လုပ်ငန်းများကို အများပြည်သူကိုထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကိုင်နေကြသောကြောင့် ADMA Media Co.,Ltd(Myanmar Media 7) တွင်ဂုဏ်သိက္ခာထိခိုက်ကျဆင်းရသည့်အပြင်လုပ်ငန်းနှင့် ပတ်သက်၍ထိခိုက်နစ်နာဆုံးရှုံးမှုများရှိလာခဲ့ပါသည်။ ဥပဒေနှင့်မညီသော တုပလုပ်ဆောင်မှုများကို ရပ်တန့်ကာ၍ ဆက်လက်မပြုလုပ်ကြပါရန်နှင့် ထိုသို့တားမြစ်ထားပါလျက် ဆက်လက်လုပ်ကိုင်လျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ရှေ့နေ ဦးသင်းဇော်(မရမ်းကုန်း) (အထက်တန်းရှေ့နေ)
(စဥ် - ၉၂၂၇) (၀၉-၅၃၀၅၀၄၃၃)
တိုက်(၂)၊ အခန်း(၁၃)၊ ပထမထပ်၊ မြို့ပြအိမ်ယာမြောက်ဘက်ခြမ်း၊
(၀)မိုင်ဗိုလ်ဖြိုးဆန်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

" ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ဆော်မှုတ်-၁) လူနေရပ်ကွက်အမှတ်-(ဆော်မှုဝှန်) မြေကွက်အမှတ်-(၅၁)အရ မြေဧရိယာ-(၁.၉၁၄)ဧကရှိ [illegible] ဦးဝင်းအောင် (မြေကွက်အမှတ်-(၅၁) ဦးဝေရွှာ [illegible]) [illegible] အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် [illegible] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဇော်ဝင်း (၁၂/မဂဒ (နိုင်) ၁၀၂၈၇၇) အမည်ပေါက်ပိုင်ဆိုင်ပြီး [illegible] အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဥ်-၅၃၃၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၅၆(ပထမထပ်)၊ မီဘနိုင်မွန်ဖာမ်ရာ၊ ဒိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၃၉၇၂၃၅၅၊ ၃၉၇၂၃၅၅ ၂၉၆၀၃၂။

" ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇၁)၊ လူနေရပ်ကွက်အမှတ်-([illegible])၊ မြေကွက်အမှတ်-(၂/ည [illegible])အရ မြေဧရိယာ-([illegible])ဧကရှိ [illegible] မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် [illegible] (၁၂/မဂဒ (နိုင်) [illegible])နှင့် ဒေါ်[illegible] (၁၂/မဂဒ (နိုင်) [illegible])တို့အမည်ပေါက်ပိုင်ဆိုင်ပြီး [illegible] ([illegible]) [illegible] ဦးမင်းထွန်း (၁၃/တတန (နိုင်) [illegible])ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဥ်-၅၃၃၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၅၆(ပထမထပ်)၊ မီဘနိုင်မွန်ဖာမ်ရာ၊ ဒိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၃၉၇၂၃၅၅၊ ၃၉၇၂၃၅၅ ၂၉၆၀၃၂။

IMCS LTD ... EC-Council ... Computer ...

CEH MCSA A+ CSCU MCSE N+ CCNA JAVA LINUX CCNP PHP Server2012 ASP Mobile AUTOCAD

Service ... CCNA ... CCNP ... PHP Developer

Fully Aircon/ Internet ... Cisco Router ... ASA Firewall ... International Exam ... Pre-Exam, E-Library ... Microsoft, Cisco, Ec Council ...

New Fashion Designer Group

... New Fashion Designer Group ... Designer ...

Centre (1) ... Centre (2) ...

Ph: 227096, 095065569, 09730448822, 09420062558, 0973029408

NFDG ... 249952 ... Ext: 4134

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
မြေကွက်များငှားရမ်းရေးဆောင်ရွက်ရန် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ စက်ရုံမြေနေရာများတွင် CMP လုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် မြေကွက်လွတ် (၂၂)ကွက် ဖော်ထုတ်၍ အဆိုပြုလွှာ ခေါ်ယူခဲ့ရာ (၁၇)ကွက် ငှားရမ်းပြီးဖြစ်ပါသည်။

၂။ အထက်ပါနေရာတွင် တစ်ကွက်ဧက ခန့်မှန်း(၅)ဧကရှိပြီး ကျန်ရှိသော မြေကွက်လွတ် (၅)ကွက်ကို မည်သည့် CMP လုပ်ငန်းမဆို (Any CMP) လုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အောက်ပါနေရာများတွင် အဆိုပြုလွှာများ တောင်းခံ၍ ပုံစံများရေးသွင်းပြီး စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်သို့ ၂၅-၃-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

အဆိုပြုလွှာ ရောင်းချမည့်နေရာ

(က) ရန်ကုန် - အထည်အလိပ် လုပ်ငန်းရုံးခွဲ (ယခင်အထည်ချုပ်စက်ရုံ၊ အမှတ်-၂၇) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်။

(ဂ) စတင်ရောင်းချမည့်ရက် - ၁၂-၃-၂၀၁၄ ရက်

၃။ အသေးစိတ် သိရှိလိုသည်များနှင့် CMP လုပ်ငန်းများမဟုတ်သော အခြားစက်မှု လုပ်ငန်းများ လုပ်ကိုင်လိုသူများရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းဆွေးနွေးနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ

ညွှန်ကြားရေးမှူး (ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း

ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊

ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(1) NISSAN GTR R35(Super Silver) Grade 4.5B(With Cancellation)
(2) NISSAN GTR R 35(Super Red) Grade 4A (With Cancellation)
(3) NISSAN GTR R35 (Bronze Silver) Grade 4.5B(With Cancellation)
(4) TOYOTA Landcruiser 2013 Diesel Full Option(9E-????) (Black Color)
(5) Lexus LS 460 (2013ရုပ်ပြောင်း) 2007 Model Grade 4.5A (Black Color)

Ph:09-420122244
09-33379000
09-43202078

Mandalay Law Academy ... WIPO, Geneva, On-Line Courses, Advanced Courses. DL 101, DL 201, DL 202, DL 203, DL 205, DL 301, DL 302, DL 317, DL 318, DL 320, DL 401, DL 450 ... 01-377710, 01-705547

နွေရာသီအခြေခံအဆင့်မြင့်ရေကူးသင်တန်းများနှင့်
စနေ၊ တနင်္ဂနွေအထူးသီးသန့်ရေကူးသင်တန်းများ
ဖွင့်လှစ်သင်ကြားပေးနေပါသည်။
အထူးအစီအစဉ်
ရေကူးပြိုင်ပွဲကျင်းပပေးမည်။ ထိုက်တန်စွာဆုချီးမြှင့်မည်။
အမျိုးသမီးများအတွက်
မြန်မာ့လက်ရွေးစင် **မနှင်းနှင်းအိ** ကိုယ်တိုင် သင်ကြားပေးမည်။
တက္ကသိုလ်ရေကူးကန်(အင်းလျားလမ်း)၊ စိမ်းလန်းစိုပြေပန်းခြံအနီး၊
ဖုန်း-၀၉-၇၃၁၀၅၂၇၆၊ ၀၉-၃၁၀၆၂၅၄၉

CRANE 518474, 09509491, 09431647 ...

09-250190881, 250676862

709255, 0951 36421

ဒဂုံမြို့သစ် အရှေ့ပိုင်း တောင်ပိုင်း ဆိပ်ကမ်း ... 09 - 73005053 09 - 5122010

Hardless ... HOT LINE :09-73154844

Travels & Tours Co.,Ltd. ... Ph: 01 - 551 240, 09 - 731 62 643, 09 - 500 3647

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၅၄၀)၊ မြေကွက်တည်နေရာအမှတ်(၅၄၀)၊ ၁၉ လမ်း၊ (၁၀)ရပ်ကွက်၊ တ/ဥ၊ဒေါ်ကျင်စိန် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ကျင်စိန်(ခင်ပွန်း)ဦးမြအောင် (သမီး)ဒေါ်လှခင် (သား) ဦးကြည်လွင်(မြေး)ဦးဇော်ထွန်းတို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်လှတင်[၁၂/ဥကတ(နိုင်)၁၈၆၆၉၈]၊ဦးရဲဝင်း[၁၂/ဥကတ(နိုင်)၁၄၆၄၃၃]၊ ဒေါ်ခင်ဝေ[၁၂/ဥကတ(နိုင်)၀၈၁၂၀၅]တို့က သမီး၊ချွေးမနှင့် မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ၎င်းတို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၇၁၁၁(၂၇-၁၂-၂၀၁၃)နှင့် ကျမ်းကျိန်လွှာ ၁၀၇ (၂၀-၁-၂၀၁၄) တို့တင်ပြ၍ အထွေထွေကိုယ်စားလှယ် ဦးဝင်းထွန်းနိုင်[၇/ပခန(နိုင်)၂၂၈၄၂၈]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊မြေကွက်အမှတ်(၂၄၀)၊ မြေကွက်တည်နေရာအမှတ်(၂၄၀)၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဦးတင်လှ(AB-၀၅၃၃၆၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်လှနှင့် ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ခင်စန်းဝင်း ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းလွင်[၁၂/ကမရ(နိုင်)၀၂၂၈၆၄]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၆၉၀၀/၁၃(၂၆-၁၂-၂၀၁၃)ဖြင့် ကိုယ်စားရရှိသူ ဦးအောင်နိုင်[၁၂/မရက(နိုင်)၀၀၄၇၀၆]မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၅၅၇)၊ မြေကွက်တည်နေရာအမှတ်(၅၅၇)၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက် ဦးမျိုးမြင့်[၁၂/မဂတ(နိုင်)၀၂၇၂၂၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၃၁၉/၀၉(၇-၁၂-၀၉)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးသာအောင်[၁၂/ဥကတ(နိုင်)၁၁၅၇၃၇]ကပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခွင့်မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ထောက်ကြန့်၊ တိုးချဲ့(၄)၊ မြေကွက်အမှတ်-၁၇၆၊ မြေတည်နေရာအမှတ်(၄/၁၇၆)၊ပုလဲလမ်း၊တိုးချဲ့(၄)(ဦးအုန်းမောင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ရပ်ကွက် ဦးအုန်းမောင်ထံမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ညွန့်[၁၂/မဂဒ(နိုင်)၀၅၇၄၆၄]ကမြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ မြေပြင်တွင်နေထိုင်ကြောင်း မင်္ဂလာဒုံမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆(အယ်လ်)၊ မြေကွက်အမှတ်(၁၁၇-အီး/၂-ဘီ၊၁၁၇-အေ/၁)၊ မြေကွက်တည်နေရာအမှတ်(၁၂/က)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊(ဒေါ်တင်တင်ရီ)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်တင်တင်ရီ[၁၃/ညရန(နိုင်)၀၁၁၁၈၃]မှအမည်ပေါက် အပိုင်ပေးစာချုပ်အမှတ်-၅၃၄/၈-၃-၁၉၉၉ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးလက်ခံ အမှန်တင်ပြ၍ မြေတိုင်းမြေပုံနှင့် အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-အီး)၊ မြေကွက်အမှတ်(V-၁၀၅)၊ မြေကွက်တည်နေရာအမှတ်(၅၂)၊ အောင်မင်္ဂလာလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ (allagoo servai) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား တာမွေမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၁၀၈/၂၀၁၂) (တရားလို ဒေါ်ပန်းရီက တရားပြိုင် ဆာလာဂူဆာအပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု)နှင့် တရားမဇာရီမှုအမှတ်-၁၃၆/၂၀၁၂ အမိန့်တို့အရ တရားရုံး ဦးဆာလာဂူဆာ ကိုယ်စားဘီလစ်အရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ

အသက်(၈၄)နှစ်

၄-၃-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ အသက်(၈၄)နှစ်အား နာမကျန်းစဉ် ဂရုတစိုက်ပြုစုကုသပေးခဲ့သော အာရှတော်ဝင်ဆေးရုံကြီးမှ ပါမောက္ခဆရာဝန်ကြီး ဦးတင်လတ်၊ ပါမောက္ခဆရာဝန်ကြီး ဦးနေဝင်းနှင့် ဆရာဝန်များ၊ ဆရာမများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ရုတ်တရက်သေဆုံးစဉ် ကူညီပေးခဲ့သော အောင်ရတနာဆေးရုံကြီးမှဆရာဝန်များ၊ ဆရာမများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ နာရေးဖြစ်စဉ်တွင် ပြည့်ပြည့်စုံစုံမိသားစုသဖွယ်စေတနာအပြည့်ဖြင့်ကူညီပေးခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးအကဲနှင့်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ အခြားသောဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ Email ဖြင့်ဖြစ်စေသတင်းမေးကြခြင်းနှင့်နာရေးကိစ္စနှင့်နာရေးအခမ်းအနားများတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပို့ဆောင်ပေးခဲ့ကြသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကူဝိတ်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးအေးခိုင်-ဒေါ်နွဲ့နွဲ့ မိသားစု

ဦးဝင်းမြင့်(ခ)ကိုဗလ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ်(၈၄) ၆ လွှာနေ (ဦးဝဏ္ဏ-ဒေါ်ခင်လှိုင်)တို့၏သား၊ (ဦးဘအောင်-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ဒေါ်ခင်ဥမ္မာ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဟိန်းထက်ဝင်း၊ Myanmar Golden Rock Int Co.,ltd (Canon)တို့၏ ဖခင်သည် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄(အင်္ဂါနေ့) နံနက်၉း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပုံ့လွှန်တော်မူခြင်း

နိုင်ငံကျော်ဓမ္မကထိကရွှေမြိုင်ဆရာတော်ဦးဩဘာသာဘိဝံသ

သက်တော်(၇၆)နှစ်၊သိက္ခာတော်(၅၅)ဝါ

သ. စ. အ ဓမ္မာစရိယဒီဃနိကာယပါဋိပါရဂူ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သလ္လန်ဘုရား၊ အနောက် ဘက်မုခ်အနီး ရွှေမြိုင်ထေရာဝါသ ဝါးခယ်မကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက နိုင်ငံကျော်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ (သ. စ. အ ဓမ္မာစရိယ၊ ဒီဃနိကာယပါဋိပါရဂူ) သက်တော်(၇၆)နှစ်၊ သိက္ခာတော် (၅၅) ဝါသည် (၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) ည ၉း၃၀ နာရီတွင် ဘဝနတ်ထံပုံ့လွှန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်) ၁၅-၃-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်းသုသာန်၌ အန္တိမစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

တပည့်၊ဒါယကာ၊ ဒါယိကာမများ

---

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါက်တာထွန်းအောင်ကျော်

မျက်စိအထူးကုဆရာဝန်ကြီး

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)မမမနှင့် မျက်ခမ်းစပ်စီမံကိန်း

ကျန်းမာရေးဦးစီးဌာန

ဘဝတစ်ပါးသို့ပြောင်းသွားသည်မှာ (၅)နှစ်ပြည့်ခဲ့ပါပြီ အဖေကြီးအားရည်စူး၍ နေ့စဉ်၊လစဉ်၊နှစ်စဉ်နှင့် ယနေ့ ၁၁-၃-၂၀၁၄ရက်တွင် (၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်အထူးပြုလုပ်အပ်သော ဒါနကုသိုလ်၊သီလကုသိုလ်၊ဘာဝနာကုသိုလ်တို့၏ ကုသိုလ် ကောင်းမှုအစုစုတို့သည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်စေရန် အလို့ငှာအမျှပေးဝေအပ်ပါသည်။

အမျှ ။ အမျှ ။ အမျှ

ကျန်ရစ်သူဇနီးဒေါက်တာခင်လှမေနှင့်

သား၊သမီး၊မြေး၊ညီအစ်ကိုမောင်နှမများနှင့် တူ၊တူမများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်အုန်းမေ

အသက်(၁၀၂)နှစ်

(ရွာသစ်ရပ်ကွက်၊ဝါးခယ်မမြို့)

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နေ ဦးအောင်ခင်-ဒေါ်ဝင်းဝင်းခိုင်တို့၏မိခင် ကိုငြိမ်းဝင်းအောင်-မချိုသက်မွန်၊ ကိုကျော်ကိုကိုလင်း-မနှင်းပွင့်ခိုင်တို့၏အဘွား ဒေါ်အုန်းမေသည် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်၅း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Petro Seven မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီး ဇေယျကျော်ထင်တန်ကာဒို့(ချ်)(ငြိမ်း)

ကြည်း-၆၂၅၇၊ O.T.S အပတ်စဉ်(၇)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် ဥက္ကဋ္ဌ၊နာယက(ငြိမ်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ၁၀/တောင်ရပ်ကွက်၊ အမှတ်(၄၃)နေ ဦးဂျွန်ရှားမား-ဒေါ်နုမာယာ၊ ဦးရော်ဘီရှားမား-ဒေါ်ရှိုးဘား(ခေတ္တ U.S.A)၊ ဦးပက်ထရစ်ရှားမား-ဒေါ်ယု၊ဒေါ်ဆုနီတာ(ခေတ္တ-U.S.A)တို့၏ဖခင် ဗိုလ်မှူးကြီးဇေယျကျော်ထင်တန်ကာဒို့(ချ်)(ငြိမ်း) အသက်(၈၇)နှစ်သည် ၅-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ညို (ဟာသ်ာတ)

အသက် (၈၇)နှစ်

သူငယ်ချင်း မယဉ်တင့် [B.Com.(BF) 1971]၏မိခင် ဒေါ်တင်ညိုသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စီးပွားရေးတက္ကသိုလ် (၁၉၆၇-၇၁) သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း) (၆၆)နှစ်

O.T.S(44)

အမှတ်(၅၂၅)၊ တော်ဝင်လမ်း၊ (၃/၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်စီစီမော်၏ချစ်လှစွာသောခင်ပွန်း၊ မဌေးဌေးဦး၊ မောင်နိုင်ထွန်းကျော်၊ မောင်ရန်နိုင်တို့၏ဖခင်သည် ၈-၃-၂၀၁၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစောလင်းအောင်(အယ်ဒီတာ) (၃၉)နှစ်

(မဇ္ဈိမသတင်းစာ၊ အိုအေစစ်ဂျာနယ် Myanmar Media Library)

(မြန်မာနိုင်ငံသတင်းစာဆရာအသင်းဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)

ဦးစောလင်းအောင်(မဇ္ဈိမသတင်းစာ၊ အိုအေစစ်ဂျာနယ် Myanmar Media Library) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (မြန်မာနိုင်ငံသတင်းစာဆရာအသင်း)သည် ၈-၃-၂၀၁၄ရက် စနေနေ့ နံနက်၉နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းထွန်း(မော်လမြိုင်)

လက်ထောက်ကထိက၊ လျှပ်စစ်စွမ်းအား(ငြိမ်း)

စက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြည်)၊ ကန်တော့ခံဆရာကြီး

အသက်(၈၄)နှစ်

အင်းစိန် စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ကန်တော့ခံဆရာကြီး ဦးသန်းထွန်းသည် ၆-၃-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အင်းစိန်-စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)

ကျောင်းသား၊ ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်-ဒေါ်ကြူကြူခိုင်တို့၏အစ်ကို၊ ဒေါ်ခင်ခင်မြင့်(သူနာပြုဆရာမကြီး)၏ခင်ပွန်း၊ ဦးမောင်မောင်ရီ (B.A, Philosophy) (V.M Shine Hope Co., Ltd.) အသက်(၆၃)နှစ်သည် ၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အရာရှိနှင့် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

အထူးကျေးဇူးတင်ရှိပါကြောင်း

၆-၃-၂၀၁၄ ရက် နံနက် ၈း၁၅နာရီတွင် မင်္ဂလာဒုံ အမှတ်(၁)တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ကွယ်လွန်သွားသော တပ်ကြပ်ကြီးမျိုးညွန့်အောင် (တပ်မတော်-ရေ) နာမကျန်းဖြစ်ချိန်မှစ၍ ဈာပနပြီးဆုံးချိန်ထိ အစစအရာရာ လိုလေသေးမရှိအောင် ညွှန်ကြားဆောင်ရွက်ပေးပါသော နေပြည်တော်တိုင်း စစ်ဌာနချုပ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးကြီးစိုးမင်းနှင့်ဇနီး ဒေါ်စီစီအေး၊ အမှတ်(၃၅) ရေတပ်စက်မှုလက်မှုတပ်မှ တပ်မှူး ဗိုလ်မှူးရဲလင်းထွဋ်နှင့် အရာရှိ/ အရာခံ/အကြပ်/စစ်သည်များနှင့် အိမ်ထောင်စုဝင်မိသားစုများအားလည်းကောင်း၊ အနယ်နယ် အရပ်ရပ်မှ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်ကြသော သူငယ်ချင်းမိတ်ဆွေများ၊ သက်န်းနှင့်လှူဖွယ်ပစ္စည်းများ ပေးပို့သူများအားလည်းကောင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

